**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကၜ္ဍ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၜ္ဍ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၅၉)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ တနင်္ဂနွေနေ့


# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee) ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၆ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက် )
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ( National Solidarity and Peace – making Central Committee ) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သောမူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ဆောင်ရွက်နိုင်ရန် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ (National Solidarity and Peace – making Central Committee )"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးမင်းအောင်လှိုင်<br>နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဦးညိုစော<br>ဒုတိယသမ္မတ ( ၁ ) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါ်နန်းနီနီအေး<br>ဒုတိယသမ္မတ ( ၂ ) | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်ချုပ်ကြီးရဲဝင်းဦး<br>တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်ရီ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (စ) | ဦးတင်အောင်စန်း<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမြထွန်းဦး<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးတင်မောင်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

**စာမျက်နှာ ၃ ကော်လံ ၁** ◆

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် ဧပြီ ၁၁

"နိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ

**စာမျက်နှာ ၁၆ ကော်လံ ၁** ⇨





မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။


**ဆောင်းပါး**

**စည်းလုံးညီညာအောင်ကြောင်းဖြာ တို့မြန်မာပြည်သာယာ** စာ - ၁၃ သို့

**အနာဂတ်ကို ကောင်းမွန်စွာဖန်တီးတည်ဆောက်မည့် ပြည်သူ့စစ်မှုထမ်းများ** စာ - ၂၂ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၁၂ ရက်)

## လှပသည့် အနာဂတ်ပန်းဥယျာဉ်ကြီးတည်ဆောက်ကြစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏သမိုင်းတစ်ကွေ့ဖြစ်သော ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့သည် ဒီမိုကရေစီအစိုးရသစ်မှ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်သည့်နေ့ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်က ဧပြီလ ၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ပြီး ဒုတိယသမ္မတများကိုလည်း ခန့်အပ်တာဝန်ပေးခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးချုပ်များနှင့်ဝန်ကြီးများကို စိစစ်ရွေးချယ်ပြီး တာဝန်ပေးအပ်ခဲ့သည်။

ထို့ကြောင့် လက်ရှိအခြေအနေမှာ ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူများလိုလားသည့်လမ်းကြောင်းမှန်ပေါ်ကို ပြန်ရောက်နေပြီဖြစ်သည်။ ဒီမိုကရေစီစာမျက်နှာသစ်၊ တစ်နည်းအားဖြင့်ဆိုရပါက ဒုတိယစာမျက်နှာကိုရေးဆွဲကြဖို့ အစပြုနေကြပြီဖြစ်သည်။ ဒီမိုကရေစီစနစ်အရ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်တရားစီရင်ရေးမဏ္ဍိုင်တို့အကြား ညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နှင့် နိုင်ငံ့အကျိုးကိုရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။ တွေ့ကြုံလာရမည့် အခက်အခဲမှန်သမျှကို ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး စည်းစည်းလုံးလုံး ဆောင်ရွက်ကြရမည်ဖြစ်သည်။ **"အစကောင်းမှ အနှောင်းသေချာ"** ဆိုသကဲ့သို့ အတိတ်ကလို နောက်ကြောင်းပြန်လှည့်သွားရခြင်းမျိုးမဖြစ်အောင် အားလုံးကထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအားတွေ့ဆုံမှာကြားသည့်မိန့်ခွန်းတွင် **"ကျွန်တော်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ကိုလည်း လုပ်ငန်းအတွေ့အကြုံရှိသူတွေ၊ နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကို ရှေးရှု ဆောင်ရွက်နိုင်မယ့်သူတွေ၊ အမှန်တကယ် လုပ်နိုင်ကိုင်နိုင်ရှိသူတွေနဲ့ရွေးချယ်ပြီး ယုံယုံကြည်ကြည်နဲ့အားကိုးအားထားပြုဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး "သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်မှု" ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဗဟိုအဆင့်ကဏ္ဍဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ဒေသဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ချို့ယွင်းအားနည်းမှုမရှိစေဘဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားကြဖို့လည်း မှာကြားလိုပါတယ်"** ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးကို မြင့်မားလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့်ကြိုးစားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးအင်အားမတောင့်တင်းလျှင်၊ နိုင်ငံမချမ်းသာလျှင် ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သလို ပြည်သူများ၏လူမှုစီးပွားဘဝမှာလည်းနိမ့်ကျနေမည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးကောင်းစေရန်မှာ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေးအားလုံးနှင့်ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရန်အတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ အများကြီးလိုအပ်သည်။ ပညာရည်နိမ့်သူများ၊ ပညာမဲ့သူများ၊ အသိပညာနိမ့်ကျသူများဖြင့် နိုင်ငံကိုတည်ဆောက်၍ ရနိုင်မည်မဟုတ်ပေ။ ပညာရေးကဏ္ဍကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားတည်ဆောက်ကြရမည်ဖြစ်သည်။ ပညာရေးမြှင့်တင်မှုဆိုသည်မှာ တစ်ခဏတာကိစ္စမဟုတ်ဘဲ အမြဲတမ်းဆောင်ရွက်နေရမည့်ကိစ္စဖြစ်သောကြောင့် တစိုက်မတ်မတ်အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) လမ်းကြောင်းကို မဖြစ်မနေဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်၍ ကြုံတွေ့နေရသည့် သဘောထားကွဲလွဲမှုများ၊ ဆန္ဒနှင့်လိုလားချက်များ၊ ဖြစ်သင့်ဖြစ်ထိုက်သည်များကို လက်နက်ကိုင်နည်းလမ်းနှင့်ဖြေရှင်းနေကြခြင်းမှာ လုံးဝမှားယွင်းနေခြင်းဖြစ်သည်။ အဆိုပါအမှားကိုသိရှိလက်ခံကြရန်နှင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးကိုကြည့်ပြီး နိုင်ငံတော်၏အနာဂတ်အတွက် အမှားကိုအချိန်မီပြုပြင်ကြရန်လိုအပ်သည်။ ဖြစ်ချင်တာတွေ တောင်းဆိုနေမည့်အစား ဖြစ်သင့်တာကိုတောင်းဆိုပြီး ဖြစ်နိုင်တာတွေဆောင်ရွက်သွားရန်ဖြစ်သည်။ မိမိတို့နိုင်ငံတော်ကို တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် ပြန်လည်တည်ဆောက်သွားကြမည်ဆိုပါက မကြာမီအချိန်တွင် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ပြည်သူများမျှော်မှန်းသည့်နိုင်ငံသစ်ကို ရောက်ရှိမည်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ဆန္ဒအစစ်အမှန်မှာ အနာဂတ်၌ မြန်မာနိုင်ငံကို လှပသည့်အနာဂတ်ပန်းဥယျာဉ်ကြီးတည်ဆောက်ကြမည်ဖြစ်ပေရာ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူများ လက်တွဲညီညီဆောင်ရွက်ကြမည်ဆိုပါက ရည်မှန်းချက်သို့ အောင်မြင်စွာရောက်ရှိမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပဲခူးမြို့၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပဲခူး ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ကျင်းပသည့် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအကပြိုင်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့၌တည်ဆောက်ထားပြီး လမ်းလျှောက်သင်္ကြန်အား ဆေးရုံလမ်းနှင့် ပြည်တော်သာလမ်းတစ်လျှောက်တွင်စီစဉ်ထားကာ ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာရေကစားနိုင်ရန် မဏ္ဍပ်ငယ်များထိုးကာ သက်ဆိုင်ရာဌာနများအလိုက် စတုဒိသာကျွေးမွေးခြင်းကိုပါ ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအနေဖြင့် သင်္ကြန်ကာလအတွင်း အလှည့်ကျဖျော်ဖြေပေးကြမည့်အပြင် နိုင်ငံကျော်တေးသံရှင်များကလည်း သီဆိုဖျော်ဖြေပေးကြမည်ဖြစ်သည်။

ပဲခူးမြို့၌ မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာကိုယ်စားပြုယိမ်းအဖွဲ့ ခုနစ်ဖွဲ့၊ ရပ်ကွက်/ကျေးရွာကိုယ်စားပြုယိမ်းအဖွဲ့ ၁၂ ဖွဲ့၊ စုစုပေါင်းယိမ်းအဖွဲ့ ၁၉ ဖွဲ့တို့ဖြင့် ယှဉ်ပြိုင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ (၄၁၀)

## ဘုတလင်မြို့နယ်၌ ကုလားပဲစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ဘုတလင် ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံ ၅၂၀၇၃ ဧကအထိ စိုက်ပျိုးနိုင်ကြောင်းနှင့် စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ဧပြီလအထိ ရိတ်သိမ်းခဲ့ကြရာ ယခုအချိန်တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ကုလားသီးနှံ ၅၂၀၇၃ ဧကအထိ စိုက်ပျိုးထားတယ်။ အဲ့ဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေအားလုံး လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်တယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

ဘုတလင်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင်ပဲမျိုးစုံသီးနှံများ စိုက်ပျိုးရာ ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၄၀၉)

## MWD Variety Channel

၁၂-၄-၂၀၂၄(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ

၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သား အားကစားသမားများ

၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်

၄။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၄-၂၀၂၄(တနင်္ဂနွေနေ့)

၁။ ၀၈:၁၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ

၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ

၃။ ၁၃:၃၀ Music Crazy

၄။ ၁၄:၅၅ Sporty Zone

၅။ ၁၈:၂၀ Relaxing Moment

၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

◆ **ရှေ့ဖုံးမှအဆက်**

(ည) ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

( ဋ ) ဦးသန်းမောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

( ဌ ) ဒေါက်တာသီတာဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးနှင့်
ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

( ဍ ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး — အဖွဲ့ဝင်
ညှိနှိုင်းကွပ်ကဲရေးမှူး
(ကြည်း၊ ရေ၊ လေ)

( ဎ ) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် — အတွင်းရေးမှူး

(ဏ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် — တွဲဖက်အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee ) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တို့အတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

( ခ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့်မူဝါဒများချမှတ်ပေးခြင်း၊

( ဂ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့်အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများအဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သောမူဝါဒများချမှတ်ပေးခြင်း၊

( ဃ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အခြေခံ၍ မူဝါဒများချမှတ်ပေးခြင်း၊

( င ) ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၇ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ဖွဲ့စည်းခြင်း**

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **“အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ ( National Solidarity and Peace – making Working Committee )”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးညိုစော — ဥက္ကဋ္ဌ
ဒုတိယသမ္မတ

( ခ ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

( ဂ ) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် — ဒုတိယဥက္ကဋ္ဌ

( ဃ ) ဦးမင်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( င ) ဦးဆန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

( စ ) ဦးမြင့်ကြိုင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ဆ ) ဒေါက်တာစိုးဝင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

( ဇ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ကချင်ပြည်နယ်အစိုးရအဖွဲ့

( ဈ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ကယားပြည်နယ်အစိုးရအဖွဲ့

( ည ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ကရင်ပြည်နယ်အစိုးရအဖွဲ့

( ဋ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ချင်းပြည်နယ်အစိုးရအဖွဲ့

( ဌ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

( ဍ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

( ဎ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
မွန်ပြည်နယ်အစိုးရအဖွဲ့

( တ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

( ထ ) ဝန်ကြီးချုပ် — အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

( ဒ ) တိုင်းမှူး — အဖွဲ့ဝင်
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

( ဓ ) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

( န ) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

( ပ ) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

( ဖ ) တိုင်းမှူး — အဖွဲ့ဝင်
တြိဂံဒေသတိုင်းစစ်ဌာနချုပ်

( ဗ ) တိုင်းမှူး — အဖွဲ့ဝင်
အရှေ့တောင်တိုင်းစစ်ဌာနချုပ်

( ဘ ) တိုင်းမှူး — အဖွဲ့ဝင်
ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

( မ ) တိုင်းမှူး — အဖွဲ့ဝင်
အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်

( ယ ) တိုင်းမှူး — အဖွဲ့ဝင်
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

( ရ ) တိုင်းမှူး — အဖွဲ့ဝင်
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်

( လ ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

( ဝ ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

( သ ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

( ဟ ) ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

( ဠ ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

**စာမျက်နှာ ၄ သို့** ■

■ စာမျက်နှာ ၃ မှအဆက်

( အ ) ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ကက) ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း(ငြိမ်း) — အဖွဲ့ဝင်

( ခခ ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် — အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ ( National Solidarity and Peace – making Working Committee ) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော မဟာဗျူဟာချမှတ်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့်မူဝါဒများကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသောအလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများသတ်မှတ်ပေးခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများသတ်မှတ်ပေးခြင်း။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace - making Negotiation Committee) ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၃၈ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**
**(National Solidarity and Peace – making Negotiation Committee) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသောလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace– making Negotiation Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် — ဥက္ကဋ္ဌ

(ခ) ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဂ) ဦးသန်းမောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဃ) ဦးမင်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးဆန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(စ) ဦးမြင့်ကြိုင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ဦးခင်မောင်စိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် — အဖွဲ့ဝင်
စစ်ဥပဒေချုပ်
စစ်ဥပဒေချုပ်ရုံး

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း) — အဖွဲ့ဝင်

(ဌ) ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း) — အဖွဲ့ဝင်

(ဍ) ဗိုလ်ချုပ်စိုးနိုင်ဦး (ငြိမ်း) — အဖွဲ့ဝင်

(ဎ) ဗိုလ်မှူးကြီးမောင်မောင်အုန်း(ငြိမ်း) — အဖွဲ့ဝင်

(ဏ) ဗိုလ်မှူးကြီး (၁) ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(တ) ဦးလှမောင်ရွှေ — အဖွဲ့ဝင်

(ထ) ဦးရန်ကျော် — အဖွဲ့ဝင်

(ဒ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် — အတွင်းရေးမှူး

(ဓ) ဗိုလ်မှူးကြီးဝဏ္ဏအောင် — တွဲဖက်အတွင်းရေးမှူး
အတွင်းရေးမှူး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး
ကော်မတီ

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace–making Negotiation Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ပေးထားသော မဟာဗျူဟာများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ချမှတ်ပေးထားသည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသောအလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သောချမှတ်ပေးထားသည့် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့်အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သောအကြံပြုချက်များ ရှာဖွေဖော်ထုတ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီသို့တင်ပြခြင်း၊

**စာမျက်နှာ ၆ သို့ ❐**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ပါသည်။**

**ဘရူနိုင်းဒါရုဆလမ်နိုင်ငံ**
**၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်**

**သို့**
**အဆွေတော်**
**ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အကျိုးတူကဏ္ဍများတွင် ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့ပြည်သူများနှင့် နှစ်နိုင်ငံလုံး၏ အပြန်အလှန် အကျိုးစီးပွားအတွက် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ အာဆီယံဒေသတွင်း မိတ်ဖက်များအဖြစ်သော်လည်းကောင်း အလွန်တန်ဖိုးထားရှိသည့်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား
ဘရူနိုင်းနိုင်ငံ ဘုရင်မင်းမြတ်

**ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်၏**
**အတွင်းရေးနှင့် ကိုယ်ရေးအတွင်းရေးမှူး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန် ကိုဗျာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန် ကိုဗျာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

**မစ္စတာ မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အဆွေတော်သမ္မတကြီးခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ခင်မင်ရင်းနှီးစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်သည် အတွေ့အကြုံရှိ နိုင်ငံ့ခေါင်းဆောင်နှင့် ထက်မြက်သော တပ်မတော်ခေါင်းဆောင်တစ်ဦးဖြစ်သည်ကို မိမိတို့သိရှိထားပြီး ရာစုနှစ်များစွာကြာ ရိုးရာဓလေ့များကိုထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံ၏အကျိုးစီးပွားနှင့် မြန်မာနိုင်ငံသားများ၏ မျှော်လင့်ချက်များကို တစိုက်မတ်မတ် လုပ်ဆောင်ချက်များမှတစ်ဆင့် အကြိမ်ကြိမ်သက်သေပြသခဲ့ပြီးဖြစ်ပါသည်။ အဆွေတော်သည် တပ်မတော်တွင် ဗိုလ်ချုပ်မှူးကြီးရာထူးတာဝန်အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်နှင့်အညီ နိုင်ငံ၏နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို ခိုင်မာစွာကာကွယ်စောင့်ရှောက်ခဲ့ပါသည်။

အဆွေတော်၏ ပံ့ပိုးကူညီမှုဖြင့် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်အခြားကဏ္ဍများအပါအဝင် ကဏ္ဍများစွာ၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား နီးကပ်သောဆက်ဆံရေးသည် တဖြည်းဖြည်း ပိုမိုခိုင်မာလာလိမ့်မည်ဟု မိမိယုံကြည်ပါသည်။

ယခုကဲ့သို့မြင့်မားသော ရာထူးနေရာတွင်အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**အန်တွန် ကိုဗျာကော့ဗ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ ဆောင်ပိုလိုမြို့ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ ရီကာဒို စီ ကာရီ ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ဘရာဇီးလ်နိုင်ငံ ဆောင်ပိုလိုမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ ရီကာဒို စီ ကာရီ (Mr. Ricardo Cateb Cury) ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာပါသည်။**

**အဆွေတော်**
**ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အပေါ် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်၏အနာဂတ်အတွက် အဆွေတော်၏ဦးဆောင်မှု၊ မျှော်မှန်းချက်နှင့် မြန်မာပြည်သူများ၏ ယုံကြည်ကိုးစားမှုအပေါ် ထင်ဟပ်စေသည့် အရေးကြီးသည့်မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း မြန်မာပြည်သူများ၏ သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေး၊ ကောင်းကျိုးချမ်းသာများနှင့် ပြည့်စုံပါစေကြောင်းနှင့်နိုင်ငံတကာအသိုက်အဝန်းနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲလာပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်၏ အစိုးရအနေဖြင့် အမြော်အမြင်ရှိမှု၊ စေ့စပ်ညှိနှိုင်းနိုင်မှုတို့ဖြင့် ပြည့်စုံလျက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝသဟဇာတဖြစ်ရေးဟူသော ခိုင်မာသည့်ကတိကဝတ်များဖြင့် နိုင်ငံတော်ကို ဦးဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ပြောကြားလိုပါသည်။

**လေးစားမှုဖြင့်**
**မစ္စတာ ရီကာဒို စီ ကာရီ**
**မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်**
**ဆောင်ပိုလိုမြို့၊ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ**

## နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည်ကို အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့၌ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ကိုယ်စားလှယ်ဦးရေ (၄၂၉)မဲဖြင့် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ နေမင်းထုံးလမင်းထုံးနှလုံးမူလျက် နိုင်ငံသူ/နိုင်ငံသားတို့အပေါ်၌ ရင်ဝယ်သားကဲ့သို့စောင့်ရှောက်နိုင်ပါစေဟု ကျွန်တော်တို့ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

**ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၉)ရက်**

နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မိမိတို့ရခိုင်တိုင်းရင်းသားပါတီ (RNP)မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်သမ္မတကြီးအဖြစ်တင်မြှောက်ခံရသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ရခိုင်တိုင်းရင်းသားများပါတီ(RNP)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ကိုယ်စိတ်နှစ်ပါးရွှင်လန်းစွာဖြင့် သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း
Myanmar Broadcasters Association

❐ စာမျက်နှာ ၄ မှအဆက်

(ဆ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးနှင့်တစ်ဆက်တည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

( ဇ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

( ဈ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ည) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငွေကြေးသုံးစွဲခြင်း။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့် နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ သီးခြားစီလက်ခံတွေ့ဆုံ







နေပြည်တော် ဧပြီ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နိုင်ငံတော်သမ္မတ ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ထမ်းဆောင်ခြင်းအခမ်းအနားသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား ယမန်နေ့ညပိုင်းက နေပြည်တော်ရှိ M Gallery Hotel ၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရ၏ အာဆီယံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် Mr. Kitti Settha Pandita Cham Prasidh၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ၂၀၂၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ယခင်ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Alounkeo Kittikhoun နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးချုပ် Mr. Nguyen Tat Thanh တို့နှင့်တွေ့ဆုံစဉ် သက်ဆိုင်ရာနိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေးနှင့် နှစ်နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗေထရက်ခ် ဂျေရက်စခီနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

# နေပြည်တော် - တောင်ငူ ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးနှင့် တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်နေမှုကို ပြည်ထောင်စုဝန်ကြီးဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ယနေ့တွင် တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးပြုပြင်ဆောင်ရွက်နေမှု၊ အဆိုပါရထားလမ်းပိုင်းတွင် ဘူတာအသစ်များ ပြန်လည်တည်ဆောက်နေမှု၊ ရထားလမ်းပိုင်းရှိ တံတားများအခြေအနေ၊ တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းနှင့် တောင်ငူဘူတာသစ်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူ -နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးပြီး လမ်းပိုင်းအတွင်း အသစ်ပြန်လည်တည်ဆောက်နေသည့်ဘူတာများ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအမြန်ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ရေး အလေးထားဆောင်ရွက်ရန်၊ ရထားလမ်းဘေးဝဲ/ယာ သတ်မှတ်အကွာအဝေးများတွင် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်သွားရန်၊ တောင်ငူ-နေပြည်တော်ကြား အမြန်နှုန်း ၇၅ ကီလိုမီတာနှုန်း အပြည့်အဝမောင်းနှင်နိုင်ရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူဘူတာသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တောင်ငူခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တောင်ငူမြို့ရှောင်ရထားလမ်းဆောင်ရွက်နေမှုအခြေအနေအား စီမံကိန်းအင်ဂျင်နီယာက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကာလအမီပြီးစီးရေး၊ သတ်မှတ်ဒီဇိုင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီပြီးစီးရေး ဆောင်ရွက်ရန်မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာပေါင်မြေကြီးလုပ်ငန်းဆောင်ရွက်ရာတွင်အပေါ်ယံမြေလွှာကိုကုန်စင်အောင်ဖယ်ရှား၍ Selected Borrow Soil ကို သိပ်သည်းမှုရရှိအောင် အလွှာလိုက်ဖိကြိတ်၍ Compaction ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေနုတ်မြောင်းများ တစ်ပါတည်း တူးဖော်နိုင်ရေးဆောင်ရွက်ရန်နှင့် ဘူတာရုံအား သတ်မှတ်ဒီဇိုင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီပြီးစီးရေး၊ ရထားလမ်းအား သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောထံသို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကေ့ကဲ့ဝို့ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကေ့ကဲ့ဝို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ဗန်ကောက်မြို့
ဧပြီလ ၉ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)

**အဆွေတော်**
**ဦးညိုစော**
**ဒုတိယသမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

**မိမိအနေဖြင့် နှစ်နိုင်ငံအကြားနီးကပ်သောဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် ဘုံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများပိုမိုမြှင့်တင်နိုင်ရန် ထိုင်းနိုင်ငံ၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုအပ်ပါသည်။**

ထိုင်း-မြန်မာဆက်ဆံရေး မျက်နှာစာသစ်ဖွင့်လှစ်နိုင်ရန်အတွက် အဆွေတော်နှင့်အတူ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**(ဆီဟာဆက် ဖူဝန် ကေ့ကဲ့ဝို့)**
**ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်**
**နိုင်ငံခြားရေးဝန်ကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးထံသို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကေ့ကဲ့ဝို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးထံသို့ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန် ကေ့ကဲ့ဝို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ဗန်ကောက်မြို့
ဧပြီလ ၉ ရက်၊ ဘီ.အီး.၂၅၆၉ (၂၀၂၆)

**အဆွေတော်**
**ဒေါ်နန်းနီနီအေး**
**ဒုတိယသမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံအနေဖြင့် အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်သွားမည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း ပြောကြားလိုပါသည်။

**မိမိအနေဖြင့် နှစ်နိုင်ငံအကြား နီးကပ်သောဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက်ဘုံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် ထိုင်းနိုင်ငံ၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုအပ်ပါသည်။**

အဆွေတော်၏ လုပ်ငန်းဆောင်တာများ အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**(ဆီဟာဆက် ဖူဝန် ကေ့ကဲ့ဝို့)**
**ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်**
**နိုင်ငံခြားရေးဝန်ကြီး**

## ၁၁-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၆.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၇˚c |
| ရန်ကုန် | ၂၅˚c | / | ၃၉˚c |
| မန္တလေး | ၂၃˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၄-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၃၅ | ၄၉၂၀ | ၄၈၆၀ | ၄၇၅၀ | ၄၉၂၀ | ၄၉၃၅ | ၄၉၈၅ | ၄၈၃၀ | ၄၉၈၅ | ၅၃၀၅ | ၄၈၅၅ | ၅၁၀၅ | ၄၉၅၅ | ၄၉၁၀ | ၄၉၁၀ | ၅၁၂၀ |
| 95 Ron | ၄၉၄၅ | ၅၁၃၅ | ၅၀၇၅ | ၄၉၆၅ | ၅၁၃၅ | ၅၁၄၅ | ၅၂၀၀ | ၅၀၄၅ | ၅၂၀၀ | ၅၅၁၅ | ၅၀၆၅ | ၅၃၂၅ | ၅၁၇၀ | ၅၁၂၅ | ၅၁၂၅ | ၅၃၃၅ |
| HSD (500 ppm) | ၆၄၈၅ | ၆၆၆၅ | ၆၆၀၅ | ၆၅၀၀ | ၆၆၆၅ | ၆၆၇၅ | ၆၇၂၅ | ၆၅၈၀ | - | ၇၀၃၀ | ၆၆၀၀ | ၇၄၅၀ | ၆၇၀၀ | ၆၆၅၅ | ၆၆၅၅ | ၆၈၆၀ |
| HSD (50 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | ၈၀၀၅ | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၁၀ | ၇၉၁၀ | ၈၁၄၅ |
| HSD (10 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၁၀ | ၇၉၁၀ | ၈၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၉၂ | ၄၆၁၆ |
| 95 Ron | ၄၆၉၉ | ၄၈၂၇ |
| HSD (500 ppm) | ၆၂၀၉ | ၆၃၆၃ |
| HSD (50 ppm) | ၇၄၁၇ | ၇၅၉၆ |
| HSD (10 ppm) | ၇၄၁၇ | ၇၅၉၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၁၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၅၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အများအားဖြင့် သာယာမည်

နေပြည်တော် ဧပြီ ၁၁

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

(မိုး/ဇလ)

# အဝလွန်ခြင်းနှင့် နောက်ဆက်တွဲရောဂါအန္တရာယ်များကို သတိပြုကာကွယ်ရန်နည်းလမ်းများ

**"ကိုယ်အလေးချိန်အလွန်အကျွံများခြင်းသည် နှလုံးနှင့်နှလုံးသွေးကြောစနစ်များကိုထိခိုက်စေသည်။ သွေးကိုညှစ်ထုတ်ရန် နှလုံးကို ပိုမိုအလုပ်လုပ်စေပြီး သွေးပေါင်ချိန်ကိုမြင့်တက်စေသည်။ သွေးကြောများတွင် အဆီများစုပုံခြင်းနှင့် ပိတ်ဆို့ခြင်းကြောင့် သွေးကြောများ မာကြောလာပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်နိုင်ခြေမြင့်မားစေသည်။ အသည်းတွင် အဆီစုပုံခြင်းသည် ဇီဝဖြစ်စဉ်ကို ထိခိုက်စေပြီး ဇီဝဖြစ်စဉ်ချို့ယွင်းမှုနှင့်ဆက်စပ်သော အဆီဖုံးရောဂါနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို တိုးစေသည်။ ကိုယ်အလေးချိန်တိုး၍ ဝန်ပိုလာခြင်းကြောင့် ဒူး၊ တင်ပါးနှင့် ကျောရိုးတို့တွင် နာတာရှည်ဝန်ပိစေပြီး အရိုးနုများ စောစီးစွာပွန်းပဲ့ခြင်း၊ ရောင်ရမ်းခြင်းနှင့် အဆစ်ရောင်ရောဂါများဖြစ်ပွားစေသည်. . ."**

ကမ္ဘာတစ်ဝန်းတွင် အဝလွန်ခြင်းသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း သိသိသာသာမြင့်တက်လာကြောင်း တွေ့ရှိခဲ့သည်။ အဝလွန်ခြင်းဆိုသည်မှာ ကိုယ်အလေးချိန်ပြဿနာတစ်ခုတည်းသာမက ခန္ဓာကိုယ်ရှိအဆီပိုများသည် နှလုံး၊ အရိုးအဆစ်နှင့် ကိုယ်တွင်းအင်္ဂါများကို ထိခိုက်ပျက်စီးစေပြီး ဇီဝဖြစ်စဉ်ကို အနှောင့်အယှက်ဖြစ်စေကာ သွေးချိုဆီးချိုရောဂါနှင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကို တိုးမြင့်စေသည်။

လူအများစုအတွက် အဝလွန်ခြင်းသည် တိတ်တဆိတ်စတင်လေ့ရှိကြောင်းတွေ့ရသည်။ ကိုယ်အလေးချိန်သည် ရှိသင့်သည်ထက်ပိုနေသောကီလိုဂရမ်ကိုပြသပြီး အဝတ်အစားများကျပ်လာသည်ဟု ခံစားရသည်။ ရိုးရိုးလမ်းလျှောက်ခြင်းကိုပင် မသက်မသာဖြစ်စေပြီး ဒူးနာလာသည်။ လှေကားတက်ခြင်းသည် ယခင်ကထက် အနည်းငယ်ခက်ခဲလာသည်။ အဝလွန်ခြင်းသည် အစပိုင်းတွင် အလှအပဆိုင်ရာပြဿနာတစ်ခုကဲ့သို့ ထင်ရသော်လည်း အချိန်ကြာလာသည်နှင့်အမျှ အဆီပိုများသည် ခန္ဓာကိုယ်ရှိ စနစ်တိုင်းနီးပါးကို ဖိအားပေးလာသောကြောင့် နှလုံးက ပိုမိုအလုပ်လုပ်လာရသည်။ အဆစ်များသည် အပိုဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်လာရသည်။ သွေးတွင်းသကြားဓာတ်မတည်မငြိမ်ဖြစ်လာသည်။ အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် ယနေ့ခေတ်တွင် အဝလွန်ခြင်းကို ကိုယ်အလေးချိန်ပြဿနာတစ်ခုအဖြစ်သာရှုမြင်ခြင်းထက် ဇီဝဖြစ်စဉ်ကျန်းမာရေးကို တိတ်တဆိတ်အကျိုးသက်ရောက်စေသည့် ရေရှည်လူနေမှုပုံစံပြောင်းလဲမှုများ လုပ်ဆောင်ရန်လိုအပ်သော ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးအခြေအနေတစ်ခုအဖြစ် အာရုံစိုက်လာကြသည်။

အဝလွန်ခြင်းကို အန္တရာယ်ဖြစ်စေသည်မှာ ကိုယ်အလေးချိန်တစ်ခုတည်းမဟုတ်ဘဲ အသည်း၊ နှလုံးနှင့် ပန်ကရိယကဲ့သို့သော အင်္ဂါများတစ်ဝိုက်တွင် သိုလှောင်ထားသော အဆီပိုများ၏ ဇီဝဗေဒဆိုင်ရာအကျိုးသက်ရောက်မှုဖြစ်သည်။ အဆီသည် အရေပြားအောက်တွင် တည်ရှိနေရုံမျှမက ဟော်မုန်းများ၊ သွေးကြောများ၊ ကိုယ်တွင်းအင်္ဂါများနှင့် ပုံမှန်ဇီဝဖြစ်စဉ်များကို အနှောင့်အယှက်ဖြစ်စေသည်။

## အဆီပိုများကြောင့်ခန္ဓာကိုယ်တွင်းထိခိုက်ခြင်း

ကိုယ်အလေးချိန်အလွန်အကျွံများခြင်းသည် နှလုံးနှင့် နှလုံးသွေးကြောစနစ်များကို ထိခိုက်စေသည်။ သွေးကိုညှစ်ထုတ်ရန် နှလုံးကို ပိုမိုအလုပ်လုပ်စေပြီး သွေးပေါင်ချိန်ကိုမြင့်တက်စေသည်။ သွေးကြောများတွင် အဆီများစုပုံခြင်းနှင့် ပိတ်ဆို့ခြင်းကြောင့် သွေးကြောများ မာကြောလာပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေမြင့်မားစေသည်။ အသည်းတွင် အဆီစုပုံခြင်းသည် ဇီဝဖြစ်စဉ်ကို ထိခိုက်စေပြီး ဇီဝဖြစ်စဉ်ချို့ယွင်းမှုနှင့်ဆက်စပ်သော အဆီဖုံးရောဂါနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို တိုးစေသည်။ ကိုယ်အလေးချိန်တိုး၍ ဝန်ပိုလာခြင်းကြောင့် ဒူး၊ တင်ပါးနှင့် ကျောရိုးတို့တွင် နာတာရှည်ဝန်ပိစေပြီး အရိုးနုများ စောစီးစွာပွန်းပဲ့ခြင်း၊ ရောင်ရမ်းခြင်းနှင့် အဆစ်ရောင်ရောဂါများဖြစ်ပွားစေသည်။ အဝလွန်ခြင်းသည် အိပ်ပျော်နေစဉ် အသက်ရှူရခက်ခဲခြင်း၊ အသက်ရှူရပ်ခြင်းကဲ့သို့သော ပြဿနာများအပြင် ကင်ဆာရောဂါအမျိုးအစားများစွာ (ရင်သားနှင့် အူမကြီးအပါအဝင်) ဖြစ်နိုင်ခြေမြင့်မားလာစေသည်။

## နှလုံးထိခိုက်ခြင်း

အဝလွန်ခြင်းကြောင့် အထိခိုက်ဆုံးအင်္ဂါအစိတ်အပိုင်းများထဲမှတစ်ခုသည် နှလုံးဖြစ်ပြီး မကြာခဏ ဦးစွာထိခိုက်လေ့ရှိသည်။ အဝလွန်ခြင်းသည် နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် သွေးတိုးရောဂါဖြစ်နိုင်ခြေကို သိသိသာသာမြင့်တက်စေသည်။ ခန္ဓာကိုယ်တွင် အဆီပိုများလာခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ အဆီအနည်အနှစ်များက သွေးကြောများထဲတွင် စုပုံလာနိုင်သည်။ ထို့ကြောင့် နှလုံးက သွေးလည်ပတ်ရန် ပိုမိုခက်ခဲလာစေသည်။ လူအများစုသည် အသက်ရှူမဝခြင်း၊ အကွာအဝေးအတိုတွင် လမ်းလျှောက်သည့်အခါ မောပန်းနွမ်းနယ်ခြင်း၊ ရင်တုန်ခြင်း သို့မဟုတ် ရင်ဘတ်အောင့်ခြင်းကဲ့သို့သော အစောပိုင်းသတိပေးလက္ခဏာများကို သတိပြုမိကြသည်။ သို့သော်လည်း အဆိုပါလက္ခဏာများကို ခံနိုင်ရည်အားနည်းခြင်းအဖြစ် မကြာခဏလျစ်လျူရှုထားလေ့ရှိသည်။ အဆိုပါလက္ခဏာများသည် နှလုံးက ဖိအားအောက်တွင် အလုပ်လုပ်နေသည်ကို ဖော်ပြနေခြင်းဖြစ်သည်။

## လူအများစု လျစ်လျူရှုထားသောအဝလွန် အိပ်စက်ခြင်းပြဿနာများ

အဝလွန်ခြင်း၏ လူသိနည်းသော အကျိုးဆက်များထဲမှတစ်ခုမှာ အိပ်နေစဉ် အသက်ရှူရပ်ခြင်းဖြစ်သည်။ အဝလွန်သောအခြေအနေတွင် လည်ပင်းတစ်ဝိုက် အဆီစုပုံခြင်းသည် အသက်ရှူလမ်းကြောင်းကို ကျဉ်းစေသောကြောင့် အိပ်နေစဉ် အသက်ရှူရပ်ပြီး ခဏကြာသော် အသံပြင်းစွာ ပြန်လည်စတင်အသက်ရှူသည်။ ရလဒ်အနေဖြင့် အိပ်စက်မှုအရည်အသွေးကိုညံ့ဖျင်းစေသည်။ အိပ်စက်နေစဉ် အသက်ရှူရပ်ခြင်းရှိသူများသည် ဟောက်သံကျယ်လောင်ခြင်း၊ ညဘက်မကြာခဏလန့်နိုးခြင်း၊ နံနက်ခင်းတွင် ခေါင်းကိုက်ခြင်း၊ နေ့ခင်းဘက် မောပန်းနွမ်းနယ်ခြင်းတို့ကို မကြာခဏခံစားရလေ့ရှိသည်။ အိပ်ရေးပျက်ခြင်းသည် ဆာလောင်မှုဟော်မုန်းများကို အနှောင့်အယှက်ဖြစ်စေရန်လှုံ့ဆော်သောကြောင့် ကိုယ်အလေးချိန်တက်ခြင်းကို ပိုဆိုးစေသည်။

## ဇီဝဖြစ်စဉ် ပြောင်းလဲလာခြင်း

အဝလွန်ခြင်းသည်ခန္ဓာကိုယ်၏ သကြားဓာတ်နှင့် စွမ်းအင်စီမံဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေသည်။ အဆီဆဲလ်များသည် သွေးတွင်းဂလူးကို့စ်ကိုထိန်းချုပ်သည့် အင်ဆူလင်ကို သက်ရောက်မှုရှိသောဟော်မုန်းများနှင့် ရောင်ရမ်းမှုဆိုင်ရာ Cytokines များထုတ်လွှတ်ပြီး ကြွက်သားများနှင့်အသည်းရှိ အင်ဆူလင်အချက်ပြမှုကို ထိခိုက်စေသည်။ ခန္ဓာကိုယ်သည် အင်ဆူလင်ကိုခံနိုင်ရည်ရှိပြီး အင်ဆူလင်ဟော်မုန်း၏အာနိသင်ကို အပြည့်အဝမရရှိသောကြောင့် သွေးတွင်းသကြားဓာတ်မြင့်တက်လာသောအခါ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်စေသည်။ ထို့ကြောင့် အဝလွန်ခြင်းသည် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါဖြစ်ပွားရန် အန္တရာယ်ရှိသောအချက်များထဲမှ ပြင်းထန်သောအချက်တစ်ခုဖြစ်သည်။ သွေးချိုဆီးချိုရောဂါဖြစ်ပွားပြီးသည်နှင့် မျက်လုံး၊ ကျောက်ကပ်များ၊ အာရုံကြောများ၊ သွေးကြောများအပါအဝင် ခန္ဓာကိုယ်၏အင်္ဂါအစိတ်အပိုင်းများစွာကိုထိခိုက်စေနိုင်သည်။ အစပိုင်းတွင် သိသာထင်ရှားသောရောဂါလက္ခဏာများမရှိဘဲ ဖြည်းဖြည်းချင်းဖြစ်ပေါ်လေ့ရှိသည်။

## ခန္ဓာကိုယ်၏ဝန်ထုပ်ဝန်ပိုးကို သယ်ဆောင်ထားရသော အဆစ်များ၏ပြဿနာများ

လှမ်းသောခြေလှမ်းတိုင်းသည် ဒူး၊ တင်ပါးနှင့် ခြေချင်းဝတ်များကို အားသက်ရောက်စေသည်။ အဝလွန်လာသည်နှင့်အမျှ တစ်ရက်လျှင် ၁၀ ကီလိုဂရမ် သို့မဟုတ် ၂၀ ကီလိုဂရမ် အပိုသယ်ဆောင်ထားရသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ အဆစ်များ ယိုယွင်းပျက်စီးလာသည်။ အဝလွန်သူများ၌ အရိုးအဆစ်ရောင်ရမ်းခြင်းကို အစောပိုင်းတွင် မကြာခဏတွေ့ရလေ့ရှိသည်။ အဆစ်များကို ကာကွယ်ပေးသောအရိုးနုသည် အဆက်မပြတ်ဖိအားကြောင့် ပြိုကွဲလာသည်။ ထို့ကြောင့် ဒူးနာကျင်မှုသည် ရေရှည်ကိုယ်အလေးချိန်တက်သူများတွင် အစောဆုံးကျန်းမာရေးပြဿနာများထဲမှ တစ်ခုဖြစ်သည်။

## အဝလွန်ခြင်းကို ကုသခြင်း

အဝလွန်ခြင်းကို မှန်ကန်စွာကုသခြင်းသည် ရေရှည်ကျန်းမာရေးအတွက်အရေးကြီးသည်။ လူနေမှုပုံစံပြောင်းလဲမှုများသည် အစွမ်းထက်သောဆေးဝါးဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုဘဝပုံစံပြုပြင်ပြောင်းလဲခြင်းသည် အလွန်ထိရောက်ကြောင်း တွေ့ရှိခဲ့သည်။ ကိုယ်အလေးချိန် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကျဆင်းခြင်းသည်ပင် သွေးပေါင်ချိန်ပိုမိုကောင်းမွန်လာခြင်းနှင့် သွေးတွင်းသကြားဓာတ်ပမာဏတိုးတက်ကောင်းမွန်လာခြင်း အပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးများကို ဖြစ်ပေါ်စေနိုင်သည်။ လူအများစုအတွက် အကြံပြုထားသော အစီအစဉ်တွင်-

## မျှတသောစားသောက်မှုအလေ့အထများ

အာဟာရပြည့်ဝသောအစားအစာများ၊ ဟင်းသီးဟင်းရွက်များနှင့် အမျှင်ဓာတ်များပိုမိုစားသုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအသား၊ ငါးနှင့်အဆီများကို အဓိကထားစားသုံးခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သောပြည့်ဝဆီနှင့်ဆားကို အလွန်အကျွံစားသုံးခြင်းမှရှောင်ကြဉ်ခြင်း၊ သကြားဓာတ်များသောအဖျော်ယမကာများကိုလျှော့ချသုံးစွဲခြင်း၊ အလွန်အကျွံပြုပြင်ထားသောအစားအစာများနှင့် ကယ်လိုရီများသောအစားအစာများကို ရှောင်ကြဉ်ခြင်း၊ နေ့စဉ်ရေလုံလောက်စွာသောက်ခြင်းဖြင့် ကိုယ်အလေးချိန်ကို လျှော့ချနိုင်သည်။

## ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်း

တစ်ရက်လျှင် အနည်းဆုံး မိနစ် ၃၀-၆၀၊ တစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း သို့မဟုတ် ရေကူးခြင်းသည် ဇီဝဖြစ်စဉ်ကို တဖြည်းဖြည်းတိုးတက်ကောင်းမွန်စေနိုင်သည်။ ခန္ဓာကိုယ်တွင် အဆီချေဖျက်မှုကိုမြှင့်တင်ရန် အချိန်ကြာမြင့်စွာမထိုင်ဘဲ မိနစ် ၃၀ ကြာလျှင် တစ်ကြိမ် သုံးမိနစ်မှ ငါးမိနစ်ကြာသောလှုပ်ရှားမှု ပြုလုပ်ပေးရန် အကြံပြုထားသည်။

## ပိုမိုကောင်းမွန်သောအိပ်စက်ခြင်းနှင့် စိတ်ဖိစီးမှုကိုစီမံခန့်ခွဲခြင်း

အိပ်ရေးပျက်ခြင်းသည် မကြာခဏကိုယ်အလေးချိန်တက်စေသည်။ အိပ်စက်ခြင်းသည် ဆာလောင်မှုကိုထိန်းညှိပေးသောဟော်မုန်းများကို သက်ရောက်မှုရှိသည်။ နေ့စဉ် လုံလောက်ကောင်းမွန်သောအိပ်စက်ချိန် ခုနစ်နာရီမှ ကိုးနာရီအထိရှိရန်လိုအပ်သည်။ နေ့စဉ်ဘဝတွင် ပျော်ရွှင်၍ သက်သောင့်သက်သာဖြစ်စေရန်၊ စိတ်ဖိစီးမှုလျှော့ချရန် ယောဂ သို့မဟုတ် တရားထိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများနှင့် အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ရန် အကြံပြုထားသည်။

## ကိုယ်အလေးချိန်ကျစေသည့်ဆေးများ လမ်းညွှန်မှု

အဝလွန်ခြင်းကိုကုသရာတွင် ကိုယ်အလေးချိန်ကျစေသောဆေးဝါးများကို သွေးချိုဆီးချိုရောဂါ၊ သွေးတိုးရောဂါ သို့မဟုတ် အိပ်ပျော်နေစဉ် အသက်ရှူရပ်ခြင်းကဲ့သို့သော အခြေအနေများရှိသည့် BMI ၃၀ နှင့် အထက်ရှိသူများ၊ BMI ၂၇ နှင့်အထက်ရှိပြီး အဝလွန်ခြင်း၏ နောက်ဆက်တွဲရောဂါရှိသူများကို ကိုယ်အလေးချိန်ကျစေသည့်ဆေးများ သုံးစွဲရန် အကြံပြုနိုင်သည်။

## ခွဲစိတ်ကုသခြင်းဖြင့် ကိုယ်အလေးချိန် လျှော့ကျစေခြင်း

အန္တရာယ်ရှိသော အဝလွန်ရောဂါရှိသူများတွင် အစာအိမ်နှင့်အူလမ်းကြောင်းကို ခွဲစိတ်ပြုပြင်ပြီး အစာစားသုံးမှုလျော့နည်းစေရန် ပြုလုပ်ခြင်းဖြင့် ကိုယ်အလေးချိန်လျှော့ကျစေနိုင်သည်။ ထိုနည်းလမ်းကို အန္တရာယ်ရှိသောဝဖြိုးခြင်းဖြစ်သည့် BMI ၄၀ နှင့် အထက်ရှိသူများ၊ BMI ၃၅ နှင့်အထက်ရှိပြီး သွေးချိုဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် ညအိပ်လျှင် အသက်ရှူကျပ်သောရောဂါရှိပြီး ကိုယ်အလေးချိန်လျှော့ချရန် ခက်ခဲမှုရှိသူများကို ကုသမှုပေးနိုင်သည်။

သို့ဖြစ်၍ ကိုယ်အလေးချိန်လျှော့ချခြင်းဖြင့် အဝလွန်ခြင်း၏နောက်ဆက်တွဲရောဂါများကို လျော့ကျစေပြီး ကျန်းမာခြင်းနှင့်ပြည့်စုံသော လူနေမှုဘဝတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ အဝလွန်ခြင်းနှင့်ပတ်သက်သည့် အသိပညာများကို ရေးသားလိုက်ရပါသည်။

ဒေါက်တာသိဂီကျော်

# အားကစားပြိုင်ပွဲများဆုပေးပွဲကျင်းပ



ပုသိမ် ဧပြီ ၁၁

၂၀၂၆ ခုနှစ်ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲဆုပေးပွဲကို ဧပြီလ ၁၀ ရက် ညနေပိုင်းက ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဧည့်သည်တော်များသည် ခရိုင်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြောင်းမြခရိုင်အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲဆုပေးပွဲကိုကျင်းပရာ စစ်တုရင်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသည့် ပုသိမ်မြို့နယ်အသင်း၊ အမျိုးသားအသင်းလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်း၊ အမျိုးသမီးအသင်းလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်း၊ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဆုဖလားများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥဿာတိုင်းသား**

# မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရေစကြို ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ရေစကြိုမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို မြို့အဝင်ရွှေဂူကြီးဘုရားလမ်းဆုံ၌ ကျင်းပမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ကို ဗိုလ်ချုပ်လမ်းမပေါ်၌ ကျင်းပမည်ဖြစ်သည်။ ထို့ပြင် စတုဒိသာများကျွေးမွေးမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် ဌာနဆိုင်ရာနှင့် ရပ်ကွက်ကိုယ်စားပြုယိမ်းအဖွဲ့ ၁၀ ဖွဲ့ဖြင့် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် ကပြဖျော်ဖြေသွားမည်ဖြစ်သည်။ နှစ်ဆန်းတစ်ရက်နေ့တွင်လည်း မြို့ပေါ်ရှိတန်ခိုးကြီးဘုရားများ၌ ရေသပ္ပာယ်ခြင်းများပြုလုပ်ကြမည်ဖြစ်သည်။

ယခုနှစ်ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၌ လမ်းလျှောက်သင်္ကြန်ကို ပထမဆုံးပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ⊃ ကျွန်းလှမြို့နယ်မှ

စိုက်နည်းစနစ်မှန်ကန်ဖို့ နည်းပညာများ ပံ့ပိုးကူညီပေးပါတယ်။ အခုအခါ နေကြာစိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းပြီး လာမယ့်နှစ်တိုးချဲ့စိုက်ပျိုးဖို့စီစဉ်ထားပါတယ်" ဟု တပ်ကုန်းကျေးရွာ နေကြာစိုက်တောင်သူ ဦးမင်းနိုင်ကပြောသည်။

အဆိုပါနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာမျိုးများဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြခြင်း၊ စိုက်ပျိုးရေးနည်းပညာများအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် မုန်ညင်းစေ့ စုစုပေါင်းဧက ၃၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ❍ ကျောဖုံးမှအဆက်

အစိုးရဆည်ရေ၊ ဆည်ငယ်ကန်ငယ်ရေတို့ဖြင့် နွေနှမ်းစိုက်ပျိုးမည့်လယ်ယာမြေများသို့စိုက်ပျိုးရေများ စနစ်တကျဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်ပျိုးပြီးစီးသည့် နှမ်းမျိုးများမှာ စမုန်နက် ၄၀၇ ဧက၊ ဆင်းရတနာ-၁၂ ဧက ၃၀၀၊ ဆင်းရတနာ-၃ ဧက ၅၀ နှင့် သိပ္ပံနှမ်းနက် ဧက ၆၉၀ စုစုပေါင်း ၁၄၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားချက်ထက် ၂၅၄ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ နွေနှမ်းအထွက်နှုန်းကောင်းမွန်စေရေး စနစ်တကျရေသွင်းပေးရန်နှင့် နှမ်းပင်အခြေရေမဝပ်ရန် စိမ့်ရေဖြင့်ရရှိအောင် ရေပေးမြောင်းစနစ်ဖြင့် ရေသွင်းပေးရကြောင်းသိရသည်။

ငဖဲမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် စပါးနှင့် နှမ်းကို အဓိကထားစိုက်ပျိုးကြပြီး ဒေသတွင်းစားသုံးဆီဖူလုံစေရန် နှမ်းများအောင်မြင်ဖြစ်ထွန်းရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိရာ သီးနှံများပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

## မြဝတီရုပ်မြင်သံကြား

၁၂-၄-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၄၀ မြန်မာသံစဉ်ချိုနားဝင်
၃။ ၀၈:၄၅ သုတရသစုံလင် ဗဟုသုတပုံပြင်
၄။ ၀၉:၂၀ အမှတ်တရနေ့ရက်များ
၅။ ၁၀:၂၀ တစ်ပတ်အတွင်း အားကစားသတင်း
၆။ ၁၁:၂၀ အတွေးအမြင်
၇။ ၁၃:၁၀ လေးစားအတုယူ စံနမူနာသူရဲကောင်းများ
၈။ ၁၃:၄၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၉။ ၁၄:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၁၀။ ၁၆:၅၀ ကိုယ်လက်လှုပ်ရှား အားကစား
၁၁။ ၁၇:၁၅ Beauty & Healthy Tips
၁၂။ ၁၈:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

## အိမ်ပြန်ခရီးဂုဏ်ရှိန်မြှင့်မည့် ပြည်သူ့စစ်သည်

✤ နိုင်ငံ့တာဝန်၊ ကျေပွန်ထမ်းရွက်
ခေါ်သံထွက်ပြီ၊ လိုလားချီလျက်
တိုင်းပြည်တွက် ဖွဲ့၊ လုံ့လတွဲလျက်
စည်မြဲဆန္ဒပြု
စစ်မှုထမ်းရန် တက်လှမ်းခဲ့ကြသည်။

✤ နှစ်နှစ်တာမျှ၊ ထိုကာလဝယ်
မြန်မာ့ရှေ့ရေး၊ ရည်မျှော်တွေး၍
စစ်ရေးလေ့ကျင့်၊ ပညာတင့်ဆန်း
စည်းကမ်းသေဝပ်၊ စိတ်ဓာတ်ခိုင်မာ
ကိုယ်ခန္ဓာလည်း ကြံ့ခိုင်လာခဲ့သည်။

✤ တာဝန်ပြီးမြောက်၊ ဂုဏ်ယူလောက်သည်
ဝမ်းမြောက်ပေ့ါပါး၊ နိုင်ငံသားတိုင်း
သမိုင်းသစ်ဖွင့်ပြီ၊ လမ်းပြတည်ထောင်
ပြည်သူ့စစ်သည် အောင်ပွဲဆင်ခဲ့သည်။

✤ အနာဂတ်လမ်း၊ လျှောက်လှမ်းဖို့ရန်
လမ်းမှန်လေးသွယ်၊ စီမံဖွယ်တွင်
စိတ်ဝယ်ရွှင်ပျော်၊ တပ်မတော်မှာ
ဆက်ကာဝန်တာ၊ ထမ်းရွက်ပါမူ
စဉ်လာဂုဏ်နှင့် အဆင့်တိုးမြှင့်မည်။

✤ အိမ်ပြန်ခရီး၊ တွေးဆပြီးက
ပုဂ္ဂလိက၊ ဝန်တာမျှနှင့်
ဝန်ထမ်းဘဝ၊ ရွေးချယ်ရ၍
ထိုမှဆက်တွေး၊ သက်မွေးတတ်မြောက်
ထွန်းတောက်လေက၊ ပြည်ပစေလွှတ်
ဘဝတိုးတက် ဆက်လက်အောင်မြင်မည်။

✤ ဇာတိရပ်မြေ၊ ပြန်လည်ခြေချ
စိုက်ကြမွေးမြူ၊ ကိုယ်ပိုင်ထူရေး
ချေးငွေအရင်း၊ ပံ့ပိုးခြင်းဖြင့်
ပြည်တွင်းစွမ်းအား မြင့်မားလာစေမည်။

✤ နေထိုင်စားသောက်၊ စရိတ်ငြိမ်းဖြင့်
နိုင်ငံတော်က၊ သင်တန်းများဖွင့်
ရိုးရိုးလုပ်သား၊ ဘဝမှသည်
ကျွမ်းကျင်သူများ၊ ဖြစ်ပေါ်လာစေမည်။

✤ သတင်းမှားများ၊ တိုက်ဖျက်လွှားကျော်
စွမ်းအားမြှင့်တင်၊ ပြည့်ဂုဏ်အင်မို့
ဖြစ်စဉ်အမှန်၊ အိမ်အပြန်ခရီး
ဂုဏ်ရှိန်ကြီး၍၊ လွန်ပျော်မွေ့ပြီ
ချမ်းမြေ့စေမှု၊ ကောင်းအောင်ပြုသည့်
ပြည်သူ့စစ်သည်များပါတကား။ ။

**အောင်မြေ**

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

'တောက်'

ကြမ်း၍ရှနေသော သူ့ခေါင်းပြောင်ပြောင်လေးကို လက်ဖြင့်ပွတ်ကြည့်ရင်း ညီလင်းက တောက်ခေါက်လိုက်သည်။ သူ့ဆံပင်သည် သာမန်ထက် အတန်ငယ်ရှည်သော်လည်း လွန်လွန်ကဲကဲကြီးမဟုတ်ပေ။ ကြည့်၍ကောင်းသည်ဟု သူ့ကိုယ်သူထင်သည်။ ဖေဖေနှင့်အတိုက်အခံလုပ်ကာ တယုတယထားရသောဆံပင်ရှည် ကုပ်မဝဲတဝဲလေးသည် ခုတော့ အကုန်လုံးမြေခခဲ့ချေပြီ။

'ညီလင်းရယ် နှုတ်ခမ်းကြီးစူမနေစမ်းပါနဲ့၊ နဂိုကတည်းက ခေါင်းတုံးပြောင်နဲ့မို့ ရယ်စရာကောင်းနေတဲ့အထဲ၊ နှုတ်ခမ်းစူထားတော့ ကာတွန်းနဲ့တူလိုက်တာ'

'တူတူပေ့ါဗျာ'

ညီလင်းညိုသည် အမာညိုကို မျက်စောင်းခဲ၍ ကြည့်မိသည်။ ဟနုမာန်ကမူ သူ့ဦးလေးကိုကြည့်ကာ လက်ခုပ်လက်ဝါးတီးပြီး သဘောကျနေသည်။ ထို့ကြောင့် ညီလင်းသည် ဟနုမာန်ဟူသည့် သူ့တူအရင်းခေါက်ခေါက်လေးကို ပထမဦးဆုံးအကြိမ်အဖြစ် မြင်ပြင်းကတ်မိတော့သည်။

'အမာညို ရယ်မနေနဲ့၊ ညည်းဗိုက်ကိစ္စ စဉ်းစားဦး၊ ညည်းက သူများနဲ့တူတာမဟုတ်ဘူး၊ ဗိုက်နာချင် ချက်ချင်း၊ မွေးချင် ချက်ချင်း'

မေမေကြီးက စိုးရိမ်ပူပန်စွာပြောနေသည်။ ညကြီးမင်းကြီး အရေးပေါ် ဗိုက်နာလာပါက ခက်ချေမည်ဟု စဉ်းစားနေသောကြောင့် ဖြစ်လေသည်။ အမာညိုကမူ ထုံးစံအတိုင်းရယ်နေသည်။ ဘာကိုမျှ ကြောင့်ကြစိတ်မထားပေ။ ဆံပင်ရှည်များသုတ်သင်ရေးတွင် ညီလင်းညိုပါသွားပြီး ခေါင်းတုံးအပြောင်သားဖြင့် အိမ်ပြန်လာသောအခါ ပိုပြီးရယ်မိပြန်သည်။

'မပူပါနဲ့ မေကြီးရဲ့၊ အဆင်ပြေမှာပါ'

ရယ်နေသောအမာညိုကို ဖေဖေသည် တိတ်ဆိတ်စွာငေးကြည့်နေသည်။

ညီလင်းသည် သူ့အခန်းထဲဝင်လာကာ အိပ်ရာပေါ်ပစ်၍လှဲချလိုက်သည်။ ကြမ်းကြမ်းရှရှခေါင်းတုံးလေးသည် ခေါင်းအုံးထဲနစ်ဝင်သွားသည်။ ထို့ကြောင့် အုံးထားသောခေါင်းအုံးကို မကျေမနပ်ဖြင့်ဆွဲထုတ်ပြီး လွှင့်ပစ်လိုက်မိလေသည်။ ခေါင်းအုံးအောက်တွင် ထိုးထည့်ထားသော နေ့စဉ်မှတ်တမ်းနီနီလေးကပါ ခုတင်အောက်သို့လျှော၍ကျသွားသည်။ ညီလင်းညိုသည် မှတ်တမ်းလေးကို ကုန်း၍ကောက်လိုက်ကာ ရေးမှတ်လိုက်သည်။

၁၆၊ ၁၂၊ ၇၄

ကိုရင်ဝတ်တုန်းကသာ ရိတ်ခဲ့သောဆံပင်၊ ဒီနေ့ ခေါင်းတုံးဖြစ်ပြီ၊ ကိုရင်ဝတ်သောကြောင့်တော့မဟုတ်။ လမ်းသရဲတိုင်း ဆံပင်ရှည်ကြသည်ဟုပြောကြသည်။ သို့သော် ဆံပင်ရှည်သူတိုင်း လမ်းသရဲမဟုတ်၊ ငါလည်း ဆံပင်ရှည်သည်၊ သို့သော် လမ်းသရဲမဟုတ်။ ဆံပင်ပြန်ပေါက်လာလျှင်လည်း ပြန်ပြီးအရှည်ခံဦးမည်။

■ ■ ■ ■ ■

မိညိုရေ

သက်သက်စာရေးလိုက်တယ်၊ ရန်ကုန်က သတင်းတွေလည်းကြားရတယ်၊ ကောလာဟလတွေကလည်း အများကြီးပေ့ါ၊ နယ်မှာဆိုတော့ ရန်ကုန်သတင်းပဲ နားစွင့်နေရတယ်ကွယ်၊ ပြောနေကြတာ ဘယ်ဟာမှန်လို့ ဘယ်ဟာမှားမှန်းလည်း မသိဘူး၊ ခေါင်းတုံးပြောင်နဲ့ညီလင်းကိုတော့ လာပြီးတွေ့ချင်သား၊ ရယ်ရင်တော့ စိတ်ဆိုးမှာပဲ ထင်တယ်နော်။

မာညိုရော မွေးပြီလား၊ သံကြိုးမရ၊ စာမရနဲ့မို့ ဘာလေးမွေးလဲ မှန်းကြည့်နေရတယ်၊ ကိုကိုကတော့ 'စပ်စုမ' နဲ့အဖော်ရအောင် သမီးလေးမွေးပါတဲ့။

ပြောရဦးမယ်၊ စုလှိုင်အဖေကြီးနဲ့ အယ်မာရယ်လေ၊ ပုသိမ်ကိုရောက်လာကြသေးတယ်၊ ရုပ်ရှင်မင်းသမီးလာတယ်ဆိုပြီး လူတွေဝိုင်းကြည့်နေတာနဲ့ သက်လည်း တိုးကြည့်တာလေ၊ အယ်မာရယ်ပေ့ါ၊ ရွှေမုဋ္ဌောဘုရားလာဖူးတာလေ၊ သက်ကိုတော့ သူမမြင်ဘူး၊ သွားနှုတ်ဆက်ဦးမလို့ပဲ၊ လူတွေဝိုင်းအုံနေတာနဲ့ မသွားတော့ဘူး၊ အယ်မာက လှတယ်ကွယ်၊ ဒါပေမဲ့ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ဆံပင်ပုံဆန်း၊ မျက်မှန်ဝိုင်းကြီးနဲ့ဆိုတော့ သူမှန်းတောင် မမှတ်မိဘူး၊ ဒို့တွေ ဆယ်တန်းတုန်းက ထုပ်ဆီးတိုးကြတာ သတိရလာတယ်၊ အဲဒီတုန်းက သူက ငယ်ငယ်နုနုလေး၊ သန့်သန့်စင်စင်လေးနော်၊ ပါတာနီစားနေရင် တောင်းပြီး နှုတ်ခမ်းနီအောင်ပွတ်တတ်တဲ့ အလှကြိုက်မလေး အယ်မာထွေးပေ့ါ၊ ခုတော့ အရင်လို မသန့်စင်တော့ဘူး။

မြစ်ဝကျွန်းပေါ်ဘက်ကိုနောက်ခံထားပြီး ရုပ်ရှင်ရိုက်မလို့ လို့ပြောကြတယ်၊ အကွက်အကွင်းလှတဲ့နေရာတွေလာရှာတာတဲ့လေ၊ ဒီလိုဆို ပုသိမ်ကို ခဏခဏလာရမှာပဲ။ နောက်တစ်ခါကြုံရင်တော့ သူ့ကိုနှုတ်ဆက်ဦးမယ်။

ကိုကိုကပြောနေတယ်၊ ညီလင်းကို အေးအေးကုပ်ကုပ်နေပါတဲ့၊ ကြွစောင်းစောင်းမလုပ်ပါနဲ့တဲ့။ အမာညို ပြောလိုက်ဦးနော်။

■ ■ ■ ■ ■

အင်းလျားရေပြင်သည် ဆည်းဆာရိပ်ဝယ် ဂယက်ထနေလေသည်။ နီရဲသောရောင်ခြည်သည် ရေထဲတွင် တဖျပ်ဖျပ်လက်နေသည်။

စုလှိုင်သည် ရေပြင်ကျယ်ကိုငေးကြည့်ရင်း ကုန်လွန်ခဲ့သောနှစ်ကာလများကို ပြန်လည်ပြီးစဉ်းစားနေမိသည်။ မာမီကြီးဆုံးသည်။ ထို့နောက် မာမီဆုံးသည်။ အန်တီကြည်ဆုံးသည်။ ယခုအခါတွင်ကား ဖရက်ဒီပါ ဆုံးပြန်ချေပြီ။ သေဆုံးရပုံကလည်း ဘိန်းဖြူလွန်၍ သေဆုံးခြင်းဖြစ်သည်။ အချုပ်ထဲမှ အာမခံနှင့် ခေတ္တထွက်နေရစဉ် ဖရက်ဒီသည် ဘိန်းဖြူကို ပိုပြီးအသုံးပြုခဲ့လေသည်။ အကြောဆေးသွင်းသည်မှာ အချိန်အဆများသွားသည်ထင်သည်ဟု ပြောကြသည်။ ဖရက်ဒီသည် မှိန်းနေရာမှ ပြန်လည်ပြီး နိုးကြားမလာတော့ဘဲ သေမင်းနောက်သို့ ကောက်ကောက်ပါသွားခဲ့လေသည်။

'နယ်လီကို သနားတယ်ဆို၊ သမီးလေးကို သနားတယ်ဆို မောင်ရေ ထားခဲ့ပြီလား'

**"ထာဝစဉ်ပျံ့လွင့်လှုပ်ရှားနေတတ်သော စုလှိုင်၏စိတ်တို့သည် ယခုနောက်ပိုင်းတွင် အတန်ငယ် တည်ငြိမ်လာသည်။ လှောင်ပြောင်သရော်သလို ပြုံးနေတတ်သောမျက်လုံးလေးများတွင် ဘဝကို သံဝေဂရသော အရိပ်အယောင်လေးသည် တစ်ခါတစ်ရံ ကိန်းအောင်းလာတတ်လေသည် . . ."**

နယ်လီချို၏ငိုသံကို သူ့နားဝတွင် ယခုတိုင်ပင် ကျယ်ကျယ်လောင်လောင် ကြားနေသေးသည်။ မျက်ရည်လည်ရွဲနှင့် အရူးတစ်ပိုင်းဖြစ်နေသော နယ်လီကိုကြည့်ရင်း စုလှိုင်သည် တုန်တုန်ယင်ယင်ဖြစ်လာသည်။ 'အို မောင်ရဲ့၊ အချုပ်ထဲပြန်မသွားချင်ဘူးဆို၊ ခုတော့ မသွားရတော့ပါဘူး၊ မသွားရတော့ဘူးမောင်ရဲ့' ဟု အော်လိုက်ပြီး ဖရက်ဒီ၏ရုပ်အလောင်းကို ဖက်ထားသောနယ်လီသည် သတိလစ်သွားခဲ့သည်။

ပိန်ချုံးဖျော့တော့နေသော ဖရက်ဒီ၏မျက်နှာကိုစိုက်ကြည့်ရင်း စုလှိုင်သည် 'သွားတော့ ဖရက်ရယ်၊ သွားပေတော့' ဟု ရင်ထဲမှနှုတ်ဆက်ရင်း မျက်ရည်ရစ်ဝဲလာခဲ့လေသည်။

'သေတယ်ဆိုတာမဆန်းပါဘူး၊ နေကောင်းတဲ့လူတွေရော၊ နေမကောင်းတဲ့လူတွေရော၊ ချမ်းသာတဲ့လူတွေရော၊ ဆင်းရဲတဲ့သူရော၊ ကြီးတဲ့သူရော၊ ငယ်တဲ့သူရော၊ လှတဲ့သူရော၊ ရုပ်ဆိုးတဲ့သူရော၊ စိတ်ထားကောင်းတဲ့သူရော၊ စိတ်ယုတ်မာရှိတဲ့သူရော၊ အိုကွယ် မြင်မြင်သမျှလူတွေဟာ တစ်နေ့သေကြရမှာပဲ၊ ငါရော ငါလည်း အချိန်မရွေးသေနိုင်တာပဲ၊ ငါ့ရှေ့မှာ သွားကုန်ကြပြီ"

ထာဝစဉ်ပျံ့လွင့်လှုပ်ရှားနေတတ်သော စုလှိုင်၏စိတ်တို့သည် ယခုနောက်ပိုင်းတွင် အတန်ငယ်တည်ငြိမ်လာသည်။ လှောင်ပြောင်သရော်သလို ပြုံးနေတတ်သော မျက်လုံးလေးများတွင် ဘဝကို သံဝေဂရသော အရိပ်အယောင်လေးသည် တစ်ခါတစ်ရံ ကိန်းအောင်းလာတတ်လေသည်။

'မမစု'

'ဟင် ညီလင်းညို'

ညီလင်းသည် ကားမှန်တံခါးဝတွင် လက်ထောက်ကာ သူ့ကိုငုံ့ကြည့်နေသည်။

'ကျွန်တော် အင်းလျားလမ်းကို အငှားလိုက်လာတာ၊ အပြန် ဒီဘက်ကြည့်မိတော့ မမစုရဲ့ကားကိုတွေ့လို့'

ညီလင်း၏မျက်နှာလေးသည် မသိမသာလေးနီနေလေသည်။ ဒီနေရာသို့ရောက်လေတိုင်း ဒီရေစပ်သို့ သူမကြည့်ဘဲ မနေနိုင်ချေ။ အစဉ်အမြဲလှမ်းပြီးကြည့်မိသည်။ လွန်ခဲ့သောလေးနှစ်ခန့်က ဒီနေရာ ဒီဒေသတွင် သူနှင့်စုလှိုင်တို့ အချစ်ရည်သောက်သုံးပြီး ယစ်မူးခဲ့ဖူးသည်ကို သူ့မသိစိတ်က အစဉ်သတိရနေသောကြောင့်ဖြစ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မင်းလှမြို့၌ အပူဒဏ်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း နံရံကပ်စာစောင်နှင့် သုတ ရသ စာအုပ်စာစောင်ပြသခြင်းဆောင်ရွက်

မင်းလှ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပူဒဏ်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်း၊ နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်စာစောင်ပြသခြင်းကို ဧပြီလ ၁၀ ရက်က မင်းလှမြို့ အမှတ်(၈) ရုံးရပ်ကွက် မြောက်ပိုင်းဓမ္မာရုံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းလှမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းသိန်းက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များ၊ အပူချိန်မြင့်မားမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် သတိပြုလိုက်နာရမည့်အချက်များ၊ ပူပြင်းသောအချိန်ကာလ ရောက်ရှိလာပြီဖြစ်သည့်အတွက် သက်ကြီးဘိုးဘွားများနှင့်ကလေးငယ်များတွင် အပူဒဏ်ကြောင့် ဖြစ်ပွားနိုင်သောရောဂါများအကြောင်း ဟောပြောသည်။ ထို့နောက် မင်းလှမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာချိုဝင်းက စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မင်းလှမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗဟုသုတကြွယ်ဝဖို့ စာကြည့်တိုက်ကိုသွားကြစို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့် 3R နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

## ငဖဲမြို့နယ် ရှောက်ဝကျေးရွာ၌ ကျောင်းသား ကျောင်းသူများအား အပူဒဏ်ကာကွယ်ရေးအသိပညာပေးဟောပြော

ငဖဲ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club) တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား အပူဒဏ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဧပြီလ ၁၀ ရက်က ရှောက်ဝကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာဗဟုသုတတိုးပွားစေရေး သုတ၊ ရသ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ နွေရာသီ အပူဒဏ်ကာကွယ်ရေးသိကောင်းစရာများ၊ အပူဒဏ်ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်စာအုပ်စာပေချစ်မြတ်နိုးသူများအသင်းဝင် ဒေါ်ငယ်ငယ်ထွေးက စာဖတ်သည့်အလေ့အထဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်သင့်သည့်အချက်များနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များနှင့် တခြားသိမှတ်ဖွယ်ရာလက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

## နိပါတ်တော်လာ သိမှတ်စရာ

# သည်းခံသောရှင်ရသေ့ (ခန္တီဝါဒီဇာတ်)

ဗာရာဏသီပြည်၌ ကလာဗုမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကုဏ္ဍလဟူသော အမည်ဖြင့် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်၍နေ၏။ ကုဏ္ဍလလုလင်သည် အရွယ်ရောက်ချိန်၌ ပညာသင်ယူ၍ မိဘနှစ်ပါးကွယ်လွန်ပြီးချိန်တွင်မူ ပစ္စည်းအားလုံးကို စွန့်ကြဲလှူဒါန်းကာ ဟိမဝန္တာတွင် ရသေ့ဝတ်၍ နေထိုင်၏။

တစ်နေ့တွင် ချဉ်၊ ဆားမှီဝဲရန် ဗာရာဏသီသို့ ရောက်လာစဉ် စစ်သူကြီးသည် ရသေ့ကိုမြင်၍ ကြည်ညိုသဒ္ဓါပွားသဖြင့် မင်းကြီး၏ ဥယျာဉ်၌သာ သီတင်းသုံးရန် လျှောက်ထားလေ၏။ ဆွမ်း၊ ဘောဇဉ်များဖြင့်လည်း ထောက်ပံ့ကိုးကွယ်၏။

တစ်နေ့တွင် အရက်မူးနေသော ကလာဗုမင်းသည် ဥယျာဉ်တော်ထဲသို့ ကချေသည်များနှင့်အတူ ရောက်ရှိလာပြီး မင်္ဂလာကျောက်ဖျာပေါ်၌ အိပ်လေ၏။ အတူပါလာသော ကချေသည်များသည် ကလာဗုမင်းအိပ်ပျော်နေစဉ် သီဆို၊ တီးမှုတ်မှုများကို ရပ်နားလိုက်ကြပြီး ဥယျာဉ်တော်အတွင်းရှိ အင်ကြင်းပင်ရင်း၌ထိုင်နေသော ရသေ့ထံသို့သွား၍ တရားနာရန်လျှောက်ထားလေ၏။

ဤတွင် မင်းသည် ရသေ့အပေါ်အမျက်ထွက်၍ သံလျက်ကိုင်စွဲကာ ရသေ့ရှိရာသို့ အပြေးအလွှား သွားရောက်ပြီးသော် "ရသေ့၊ သင်သည် အဘယ်ဝါဒ ရှိသနည်း" ဟုမေး၏။ ရသေ့က "ခန္တီဝါဒရှိပါသည်" ဟုဖြေရာ "ခန္တီဆိုသည်မှာ အဘယ်နည်း" ဟု မင်းက ဆက်၍မေး၏။ ရသေ့သည် "မိမိကိုယ်ကို ဆဲရေးသူအားဖြစ်စေ၊ ရိုက်ပုတ်သူအားဖြစ်စေ အမျက်ဒေါသမထားဘဲ သည်းခံခြင်းသည် ခန္တီပင်ဖြစ်သည်" ဟုမိန့်ကြားလေ၏။

ထိုအခါ မင်းသည် ပါးကွက်သားကိုခေါ်၍ ဆူးတပ်သောကြိမ်ဖြင့် ရသေ့အား ကျော၊ ရင်နှင့် နံဘေးနှစ်ဖက်တို့ကို ရိုက်စေ၏။ ထို့နောက် "သင်သည် အဘယ်ဝါဒရှိသနည်း" ဟုမေးပြန်ရာ ရသေ့သည် ရှေးနည်းအတိုင်းပင် "ခန္တီဝါဒရှိပါသည်" ဟုဖြေဆို၏။ မင်းသည် ရသေ့၏ ခြေနှင့်လက်တို့ကို ဖြတ်စေပြန်၏။ ဤသို့ပြုမူခံရသော်ငြား ရသေ့၏အဖြေမှာ ထူးခြား၍ မလာပေ။ မင်းသည် ဆက်လက်၍ နား၊ နှာခေါင်းတို့ကို ဖြတ်ရန်အမိန့်ပေးပြန်၏။ ရသေ့၏အဖြေမှာ မည်သို့မျှ ပြောင်းလဲမှုမရှိရာ မင်းသည် "ရသေ့စဉ်းလဲ၊ သင့်ခန္တီကို သင်သာလျှင် စောင့်ထိန်း၍နေလော့" ဟုဆိုပြီးလျှင် ရင်ဝကိုခြေထောက်ဖြင့်ကန်၍ ထွက်ခွာသွား၏။



မင်းကြီးထွက်သွားပြီးနောက် စစ်သူကြီးရောက်လာကာ ကိုယ်မှဒဏ်ရာများကို သုတ်သင်သန့်ရှင်းပေးပြီးလျှင် "အရှင်ဘုရား အမျက်ထွက်လိုလျှင် ကျူးလွန်ပြစ်မှားသော မင်းကိုသာ အမျက်ထွက်တော်မူပါ။ တိုင်းသူပြည်သားများအား အမျက်မထားပါလင့်" ဟု တောင်းပန်စကားဆို၏။ ရသေ့က "ငါနှင့်တူသော ပညာရှိတို့သည် မည်သူ့ကိုမျှ အမျက်မထွက်တတ်ကြပါ။ ငါ၏ လက်၊ ခြေ၊ နှာခေါင်းတို့ကို ဖြတ်ခဲ့သော မင်းသည်လည်း သက်တော်ရှည်ပါစေ" ဟုဆုတောင်းပေး၏။

ရသေ့အနီးမှ ထွက်ခွာသွားခဲ့သောမင်းသည် ရသေ့၏မြင်ကွင်းမှ ကင်းလွတ်ရာ ဥယျာဉ်တံခါးဝသို့ရောက်လျှင်ပင် မဟာပထဝီမြေကြီး၏ မျိုယူခြင်းကိုခံလိုက်ရ၏။ ရသေ့သည်လည်း ထိုနေ့၌ပင် ကွယ်လွန်သွားရလေ၏။

ဇာတ်ပေါင်းသော် ကလာဗုမင်းသည် ဒေဝဒတ်၊ စစ်သူကြီးသည် အရှင်သာရိပုတ္တရာ၊ ခန္တီဝါဒီရသေ့ကြီးသည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် သူတော်ကောင်းတရားနှင့်ပြည့်စုံသူတို့သည် သည်းခံနိုင်သော်ငြား အကုသိုလ်ကံတရားမည်သည် အရိပ်ပမာထက်ကြပ်လိုက်လျက်ရှိသည်ဖြစ်ကြောင်း သိမှတ်အပ်ပါသည်။ ။

**သုတကြွယ်**

---

**လူငယ်နှင့် အောင်မြင်ရေး**

## အကြောင်းမပြနှင့်

သူငယ်တစ်ယောက် ကြီးပွားမည်၊ မကြီးပွားမည်ကို တင်ကြို သိနိုင်သော အမှတ်တစ်ခုရှိ၏။ ထိုအမှတ်လက္ခဏာမှာကား အခြားမဟုတ်။ လူကြီး၊ မိဘ၊ ဆရာသမားများက တစ်စုံတစ်ရာလုပ်ဖို့ ရှာခိုင်းသည့်အခါ မဖြစ်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်လေသည်။

အချို့သောကလေးများအား အိမ်၌ ပစ္စည်းအသုံးအဆောင်တစ်ခုခုကို လူကြီးကရှာခိုင်းရာ များစွာသောကလေးတို့မှာ မရှိဘူးမေမေဟု ပြောပြီး ကစားဖို့အိမ်ပေါ်ကဆင်း၍ပြေးကြ၏။ အနည်းငယ်မျှသော ကလေးငယ်များမှာ မရမကရှာ၍ပေးတတ်လေသည်။ ဤဒုတိယ ကလေးသည် ကြီးပွားသော ကလေးဖြစ်နိုင်သည်ဟု သိနိုင်လေသည်။

လူကြီးများသည် ကလေးများ၏စိတ်၌ ဤသတ္တိကို သွင်း၍ပေးလျှင်ဖြစ်နိုင်လေသည်။ တစ်စုံတစ်ရာကိုရှာခိုင်းရာ မရှာဘဲမရှိဟု ပြောသည့်အခါ မရှိ ရှိအောင် ရှာရမည်ဟု တင်းတင်းပြောခြေကနောင်အရိုက်ခံရသည့်အခါတိုင်း မိမိမှာတာဝန်တစ်ခုရှိသည်ဟု အမှတ်ဖြစ်ပေါ်လျက် ရအောင်ကြံတတ်သော သတ္တိအစွမ်းကို ထုတ်ကြရပေလိမ့်မည်။

တစ်စုံတစ်ရာကိုခိုင်းသည့်အခါ ဖြစ်မြောက်အောင်လုပ်တတ်သော လူငယ်တစ်ယောက်အပေါ်၌ လူကြီးများ အဘယ်မျှလောက် ချစ်ခင်လိုလားသော စိတ်ရှိတတ်သည်ဟူသောအကြောင်းကို သိခြေကပေါ့လျော့ကြမည်မဟုတ်ပေ။

တစ်စုံတစ်ရာခိုင်းသည့်အခါ ခိုင်းသူသည် မဖြစ်နိုင်သည့်အကြောင်းရင်းကို သိဖို့မဟုတ်၊ ဖြစ်အောင်လုပ်ဖို့ ခိုင်းခြင်းသာဖြစ်လေရာ ဘယ်သို့ဘယ်ညာ အကြောင်းပြဖို့အချက်များကို လက်ဆောင်ပြုကာ ပြန်၍မလာဘဲ ခိုင်းသောအရာကို ဖြစ်မြောက်အောင် အစွမ်းရှိသမျှ ကြိုးစားအပ်ပေသည်။

ထိုသတ္တိမျိုးကို လူစွမ်းလူစဟုခေါ်လေရာ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ လူအများတို့၏အထက်မှာနေရသော သတ္တိဖြစ်လေသည်။ ဤလောကသည် အမြဲစစ်တိုက်ရသော လောကဖြစ်လေရာ ဤသတ္တိမျိုး၊ ဓာတ်မျိုးမရှိသူတို့မှာ အသက်မွေးခြင်းစစ်ပွဲ၌ ပြိုလဲအောက်ကျကျွမ်းမှောက်၍ သေကြရသူများသာဖြစ်ပေတော့သတည်း။ ။

**ဆရာကြီးပီမိုးနင်း၏ "အောင်စိတ်" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။ ။**

**ပီမိုးနင်း**

---

**မြန်မာ့ရိုးရာ ကစားစရာ**

## ကြက်ခွပ်တမ်းကစားနည်း

ကြက်ခွပ်တမ်းကစားခြင်းကို ကျေးလက်နေ မြန်မာကလေးများ နှစ်ခြိုက်စွာဆော့ကစားကြလေ့ရှိသည်။ ကစားရာတွင် အရေအတွက်ကို ကန့်သတ်မထားချေ။ ကစားသူကလေးငယ်များသည် ရပ်နေကြပြီးလျှင် ခြေတစ်ဖက်ကို တစ်လှည့်စီမြှောက်၍-

ကြက်ဖတိန်ညင် တောကိုဝင်
မောင်ရင်လာ လေးနှင့်ပစ်
မပစ်ပါနှင့် မောင်ရင်ရယ်
ကြက်တက်စူးပေါ့မယ်
ဘယ်ဘက်က စူစူး
ညာဘက်က စူးစူး
ခွပ်လိုက်ကြစို့ သူငယ်ချင်း
အောက်အီးအီးအွတ်

ဟူ၍ သံပြိုင်သီဆိုကြရသည်။ နောက်ဆုံးစကားလုံးဖြစ်သော အွတ်ဆိုသည့် စကားလုံးသို့ ရောက်သောအခါတွင် အားလုံးဆောင့်ကြောင့်ထိုင်လိုက်ကြပြီးသော် ခြေတစ်ဖက်ကို တစ်လှည့်စီရှေ့သို့ထိုးလိုက် ပြန်သိမ်းလိုက် လုပ်ပြီးလျှင် အခြားတစ်ဖက်ကိုလည်း ရှေ့သို့တိုးလိုက် ပြန်၍သိမ်းလိုက်လုပ်ကာ ကစားကြသည်။ လက်များကိုမူ ခါးတွင်ထောက်ထားလေ့ရှိကြသည်။ ထိုသို့ခွပ်နေကြစဉ် ကြက်သွန်ဖြူ ခုနစ်တက်၊ နင်နှင့်ငါနှင့် တစ်ချက်ချက်ဟူ၍ လက်ညှိုးကလေးများကို ထောင်ကြ၍ လက်ညှိုးချင်းကိုထိအောင် လုပ်ပေးကြလေသည်။ ကြက်ခွပ်ချိန်မှာ တစ်စုံတစ်ယောက်က မောပန်းလာ၍ မခွပ်



နိုင်တော့သည်အထိ ကြာမြင့်တတ်သည်။

တစ်ခါတစ်ရံတွင် တစ်ဖက်စီ၌ လူဦးရေချင်းတူညီအောင် နှစ်ဖက်ခွဲပြီး တစ်ယောက်ချင်းကို ယှဉ်ပြိုင်၍ ခွပ်စေကြသည်။ ထိုသို့တစ်ဖက်စီမှ တစ်ယောက်ချင်းယှဉ်ပြိုင်ကြသောအခါတွင် ကျန်သူများအားလုံးက ဝိုင်းဖွဲ့ကာ-

ငါတို့ဘက်က နိုင်နိုင်
ရွှေဖလားနှင့် ကြက်သားကိုင်
သူတို့ဘက်က ရှုံးရှုံး
ကြေးဖလားနှင့် ကြက်ချေးတုံး

ဟူ၍ သီဆိုကြလေ့ရှိသည်။ ထိုသို့ လူခွဲ၍ တစ်ဦးချင်းယှဉ်ပြိုင်ရာတွင် အနိုင်များသူဘက်မှ အနိုင်ရရှိလေသည်။ တစ်ခါတစ်ရံတွင် တစ်ယောက်တည်းက မရပ်မနားဘဲ လာပြိုင်သမျှကို မလျှော့တမ်းခွပ်လေ့ရှိသည်ကိုလည်း တွေ့ရတတ်သည်။ ဤသို့ ဖွဲ့နပဲကြီးစွာ အပြိုင်အဆိုင်ခွပ်ကြပြီဆိုလျှင် ကျန်ကစားဖော်များထံမှ လက်ခုပ်သြဘာသံများ မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာတတ်သည်။

ကြက်ခွပ်တမ်းကစားနည်းသည် ကလေးများအချင်းချင်း ချစ်ခင်စည်းလုံးမှုရှိစေခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်စေခြင်း၊ ကျန်းမာကြံ့ခိုင်စေခြင်းနှင့် ပျော်ရွှင်ကြည်နူးစေခြင်း စသည့် အကျိုးကျေးဇူးများနှင့် အဖွဲ့အစည်းစိတ်ဓာတ်ကို ပေးစွမ်းနိုင်သော မြန်မာ့ရိုးရာ ကစားနည်းတစ်မျိုးပင်ဖြစ်ပါသည်။ ။

**မောင်ရင်သွေး**

# နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်နေမှုများ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၁၁

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မုခ်ဦးတည်ဆောက်နေမှု၊ ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး ဆောင်ရွက်ထားမှု၊ ယိမ်းအဖွဲ့များဇာတ်တိုက်လေ့ကျင့်ရေးကိစ္စ၊ သင်္ကြန်မဏ္ဍပ်များတည်ဆောက်နေမှု၊ ရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ရင်ပြင်၌ ကျင်းပမည့် လမ်းလျှောက်သင်္ကြန်၌ နိုင်ငံကျော်တေးသံရှင်များက အကြိုနေ့နံနက်ပိုင်းမှစတင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ပြည်ပအစိုးရကိုယ်စားလှယ်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်သမ္မတသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့တက်ရောက်ခဲ့ကြသည့်ပြည်ပနိုင်ငံအစိုးရကိုယ်စားလှယ်များသည် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့သည်။ ယင်းကိုယ်စားလှယ်များကို နေပြည်တော် တပ်မတော်လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**





## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၁၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

(မိုး/ဇလ)

# အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ်၁၃၈၇ ခုနှစ်တန်ခူးလဆုတ်၁၂ရက်နေ့မှကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအားဆူးလေဘုရားလမ်းမှပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ၂၀၂၆ ခုနှစ် ဧပြီလ ၉ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါတိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့်အဓိက Parameter ၆ မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# စည်းလုံးညီညာအောင်ကြောင်းဖြာ တို့မြန်မာပြည်သာယာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာတိုင်း စည်းလုံးညီညွတ်သော နိုင်ငံတော်များတည်ထောင်နိုင်ခဲ့ခြင်းကို အားရကျေနပ်ဖွယ်တွေ့ရှိရသည်။ ယနေ့တိုင် ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းလှသည့် နိုင်ငံတော်ကြီး သုံးရပ်တည်ထောင်နိုင်ခြင်းမှာ အဓိကအချက်အားဖြင့် စည်းလုံးညီညွတ်ခြင်း၏ကောင်းမွန်သောရလဒ်ဖြစ်သည်။ နိုင်ငံ့အတွက်ခေါင်းဆောင်ကောင်းများပေါ်ထွန်းလာခြင်း၊ အဆိုပါခေါင်းဆောင်ကောင်းများ၏ ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်သောအင်အားဖြင့် လိုက်ပါဆောင်ရွက်ခြင်းတို့ကြောင့် စည်းလုံးညီညွတ်သောပြည်ထောင်စု နိုင်ငံတော်ကြီးများကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ညီညွတ်ခြင်းမှန်သမျှသည် အင်အားကိုဖြစ်စေသည်။

**✿ ✿ ✿ မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းနှင့်အတူ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ပြည်သူများတစ်ခဲနက်ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်များကျင်းပပြီး နိုင်ငံတော်အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီဖြစ် . . .**

စည်းလုံးညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာ ကိုယ်ချင်းစာသောနှလုံးသားနှင့် ဆက်ဆံကြမည်ဆိုပါက အရာရာတွင် အောင်မြင်မှုများရရှိနေမည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းနှင့်အတူ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူများ တစ်ခဲနက်ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်များကျင်းပပြီး နိုင်ငံတော်အစိုးရအဖွဲ့သစ်ကိုဖွဲ့စည်းပေးနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတနှစ်ဦးတို့ ဦးဆောင်သည့် အစိုးရအဖွဲ့သစ်သည် ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ကျမ်းသစ္စာဆိုခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအသစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်တွင်ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတကမိန့်ခွန်းပြောကြားခဲ့သည်။ အခမ်းအနားကျင်းပပုံများကို ရုပ်မြင်သံကြားများမှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်က ပြည်ထောင်စုလွှတ်တော် ကတိသစ္စာပြုပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် **“ကျွန်တော် ခေါင်းဆောင်တဲ့အစိုးရအဖွဲ့က ဦးတည်ချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ၊ ကျွန်တော်တို့ နိုင်ငံတော်ကြီး လက်ရှိရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေကို ပြည်သူအားလုံးက အစိုးရနဲ့အတူပူးပေါင်းပြီး စည်းလုံးညီညွတ်မှုနဲ့ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ယုံကြည်ပါတယ်။ “ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်”ဆိုတဲ့စကားအတိုင်း တိုင်းရင်းသားပြည်သူအားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ပြည်သူအားလုံးက ပူးပေါင်းလက်တွဲဆောင်ရွက်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ရဲ့ မတူကွဲပြားမှုတွေဟာ အားနည်းချက်လို့ မယူဆဘဲ ညှိနှိုင်းဆွေးနွေးအဖြေရှာမှုများနဲ့ စွမ်းအားသစ်တွေရရှိအောင် ကြိုးစားတည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ကွဲပြားတဲ့အမြင်တွေ၊ ယုံကြည်မှုတွေဟာ နောက်ခံအမျိုးမျိုးရှိပေမယ့်လည်း ကျွန်တော်တို့အားလုံးဟာ ဒီနိုင်ငံရဲ့တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများဖြစ်ကြတဲ့အတွက် ကျွန်တော်တို့ရဲ့ စည်းလုံးညီညွတ်မှု၊ ဖွဲလုံ့လတွေနဲ့ ကျွန်တော်တို့ရဲ့ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်အောင်လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

သမ္မတကြီး ဦးမင်းအောင်လှိုင်က နိုင်ငံတော်ကို ဦးဆောင်မည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၅)အုပ်ချုပ်ရေး၊ ပြည်ထောင်စုအစိုးရအဖွဲ့ကဏ္ဍ ပုဒ်မ ၁၉၉။(က)တွင် “နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်”ဟူ၍ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂၀၀။ ၌“နိုင်ငံတော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်- (က)နိုင်ငံတော်သမ္မတ၊ (ခ)ဒုတိယသမ္မတများ၊ (ဂ) ပြည်ထောင်စုဝန်ကြီးများ၊ (ဃ)ပြည်ထောင်စုရှေ့နေချုပ်။” ဟူ၍ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ဦးဆောင်သည့်ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကိုတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာအတူတကွနေထိုင်ကြရေး ကြိုးပမ်းတည်ဆောက်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် ခေတ်သစ်စနစ်သစ်တစ်ခုကို စတင်ပြုပြင်ပြောင်းလဲရသောတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ပေရာ လွယ်ကူလှသောကိစ္စရပ်မဟုတ်သော်လည်း စုပေါင်းညီညာသောအားဖြင့် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရရှိမည်ဖြစ်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုစသည်ဖြင့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းမှန်သမျှသည် ပြည်သူလူထု၏အကျိုးစီးပွားအတွက်သာဖြစ်သည်။

**✿ ✿ ✿ ပြည်သူများ တစ်ခဲနက်အားပေးရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့်ပြည်သူများအတွက် ခေါင်းဆောင်ကောင်းများကို ရွေးချယ်ပေးလိုက်ပြီဖြစ်သည်။ နိုင်ငံတော်သမ္မတဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မိမိနိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်သာယာအောင် ဦးဆောင်မှုပြုကြတော့မည်ဖြစ် . . .**

ပြည်ထောင်စုအစိုးရအဖွဲ့ကိုဖွဲ့စည်းရာတွင် ကောင်းမွန်စွာစီမံခန့်ခွဲနိုင်သော လုပ်ငန်းအတွေ့အကြုံရှိပြီးဖြစ်သောသူများ ပြည်ထောင်စုဝန်ကြီးအဖြစ်ပါဝင်ခြင်းမှာ ကောင်းသောဆောင်ရွက်ချက်ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများနှင့်လူငယ်များအတွက် ဝန်ကြီးဌာနတစ်ခုစီ သီးခြားဖွဲ့စည်းထားသည်မှာလည်း အမျိုးသမီးများနှင့်လူငယ်များ အနာဂတ် ပိုမိုကောင်းမွန်ရေးအတွက်ဖြစ်ပေရာ များစွာကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။ ထို့အတူ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအဖြစ်ပေါင်းစည်းထားသည်မှာလည်းကောင်းမွန်လှသည်။

မြန်မာတို့၏ယဉ်ကျေးမှုကို ခရီးသွားလုပ်ငန်း၏အဓိကမောင်းနှင်အားအဖြစ်အသုံးချပြီး စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို တစ်ပြိုင်တည်းရရှိစေရန်ဖြစ်ကြောင်း သိရှိရသည်။ နိုင်ငံအများအပြားတွင်လည်း ဟိုတယ်၊ ခရီးသွားနှင့်ယဉ်ကျေးမှုပေါင်းစပ်ပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြသည်။ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုထိန်းသိမ်းရေးကို တစ်ပြိုင်တည်းညှိနှိုင်းပြီး ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်သည်။ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဒေသခံပြည်သူများ၏ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကိုခိုင်မာသည့်ရည်မှန်းချက်ဖြင့် ဦးတည်ချီတက်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူက ၎င်းတို့အား ကိုယ်စားပြုသူများကို ကိုယ်တိုင်ရွေးချယ်ပြီး အုပ်ချုပ်စေသောစနစ်ဖြစ်သည်။ နေထိုင်ရာဒေသ၊ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကိုအကြောင်းပြု၍ ခွဲခြားမှုမရှိဘဲ ပြည်သူများပေါင်းစည်းနေထိုင်နိုင်သည့် အယူအဆတစ်ရပ်လည်းဖြစ်သည်။ ဒီမိုကရေစီဆိုသည့်အယူအဆသည် လွယ်ကူစွာဖော်ဆောင်နိုင်သည့်အရာတစ်ခုမဟုတ်သကဲ့သို့ ပြီးပြည့်စုံသည့်အရာတစ်ခုလည်း မဟုတ်ပေ။ ဒီမိုကရေစီတွင် အပြီးသတ်ပန်းတိုင်မရှိသည့်အတွက် ပြောင်းလဲနေသောအခြေအနေများနှင့်အညီ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွနေထိုင်လာခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ညီညွတ်ခြင်းနှင့်ပတ်သက်လာလျှင် တိုင်းရင်းသားလူမျိုးများအားလုံးက နှစ်ခြိုက်သဘောကျသည်။ ကချင်တိုင်းရင်းသားတို့က“စုပေါင်းဝိုင်းဝန်းလုပ်လျှင် အမြန်ပြီးစီးနိုင်သည်” ဟုစကားပုံပြုကြသည်။ ကရင်တိုင်းရင်းသားတို့ကလည်း “စည်းလုံးလျှင်အစွမ်းရှိသည်” ဟုဆိုကြသည်။ ချင်းတိုင်းရင်းသားတို့ကလည်း “ရွာတစ်ရွာညီလျှင် ရွာကိုးရွာကမတိုက်နိုင်”ဟုဆိုထုံးပြုကြသည်။ ပလောင်တိုင်းရင်းသားတို့ကလည်း “စု၍စားလျှင်ပျော်သည်။ စု၍လုပ်လျှင် ပြီးသည်။ စု၍လှူလျှင် အကျိုးများသည်”ဟုစကားစဉ်ထားသည်။ ရှမ်းတိုင်းရင်းသားတို့ကလည်း “အချောင်းတစ်ရာရှိသောမြားကို လူအများကမချိုးနိုင်”ဟုဆိုကြသည်။ အင်းသားတို့ကမူ “အများစားတော့ဝင်၊ အများလုပ်တော့တွင်” ဟုသိနားလည်ကာ စကားပုံပြုကြသည်။ ထိုစကားပုံများအားလုံးက မြန်မာတိုင်းရင်းသားတို့၏ညီညွတ်မှု အယုံအကြည်ကို အခိုင်အမာသက်သေပြုနေကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ညီညွတ်နေသမျှကာလပတ်လုံး နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာမည့် မည်သည့်ဘေးရန်အန္တရာယ်မဆို အောင်မြင်စွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့အချိန်ကာလအထိ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ကောင်းကျိုးကို ရှေးရှုသယ်ပိုးလျက်ရှိပြီး အမျိုးမျိုးသောဘေးအန္တရာယ်များကို ကာကွယ်ပေးလျက်ရှိသည်။ နိုင်ငံတော်တွင်ပေါ်ပေါက်ခဲ့သောအခြေအနေများကြောင့် တပ်မတော်သည် နိုင်ငံတော်တွင်အရေးပေါ်ကာလနှင့်ကြုံလေတိုင်း နိုင်ငံတော်ကိုဦးဆောင်ခဲ့ရသည်။ ဦးဆောင်ခဲ့ရသည့်အခါတိုင်းမှာ နိုင်ငံတော်အတွက် အကောင်းဆုံးသောရလဒ်ကောင်းများပေါ်ထွက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ တပ်မတော်၏အမျိုးသားနိုင်ငံရေး မှန်ကန်မှုကြောင့်ဖြစ်သည်။ အမျိုးသားနိုင်ငံရေးဆိုသည်မှာ ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါး၏အနှစ်သာရကိုလေ့လာကြည့်မည်ဆိုပါက စည်းလုံးညီညွတ်ခြင်းဖြင့် နိုင်ငံတည်ဆောက်ခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ခွန်အားပြည့်ဝခြင်း အဓိပ္ပာယ်ကိုဖော်ဆောင်သည်။ အဆိုပါအရေးနှစ်ခုပြိုကွဲပါက နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာမှာလည်းဆုံးရှုံးသွားမည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ဖိတ်ခေါ်လျက်ရှိသည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်လျက်ရှိရာတွင် လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော်အစိုးရကိုပုန်ကန်နေခြင်းမှာ ပြည်သူများအမြင်တွင်

**စာမျက်နှာ ၁၄ သို့** ❐

❐ စာမျက်နှာ ၁၃ မှအဆက်

ထိုသူတို့သည့်ရက်ဖွယ်ကောင်းသောအပြုအမူကို လုပ်ဆောင်နေခြင်းဖြစ်သည်။ နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်း၍ ရနိုင်သည့်အခြေအနေမျိုးတွင် လက်နက်ကိုင်ဆောင်ကာအကြမ်းဖက်နေခြင်းမှာကြည့်၍မြင်၍ကြား၍မကောင်းသော အနေအထားဖြစ်သည်။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ခြင်းဖြင့် စည်းလုံးညီညွတ်သော နိုင်ငံတော်ကို ဂုဏ်ယူဖွယ် တည်ဆောက်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမျိုးသားအဆင့် အားလုံးပါဝင်သည့် အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ငြိမ်းချမ်းရေးစကားဝိုင်း၊ ငြိမ်းချမ်းရေးကိုအထောက်အကူပြုသည့် နည်းဗျူဟာများဖော်ထုတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့် လူငယ်များ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် စိတ်ပါဝင်စားမှုရှိလာစေရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်များကိုလည်းကျင်းပပေးခဲ့သည်။ အဆိုပါဖိုရမ်များမှရရှိသည့် ဆွေးနွေးချက်များသည် ငြိမ်းချမ်းရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

ယနေ့အချိန်အခါကာလတွင် ပြည်သူများတစ်ခဲနက်အားပေးရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့်ပြည်သူများအတွက်ခေါင်းဆောင်ကောင်းများကိုရွေးချယ်ပေးလိုက်ပြီဖြစ်သည်။ နိုင်ငံတော်သမ္မတဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မိမိနိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်သာယာအောင်ဦးဆောင်မှုပြုကြတော့မည်ဖြစ်သည်။ ထိုသို့ဦးဆောင်မှုပြုရာတွင် စည်းလုံးညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း အောင်မြင်မှုအခြေခံအုတ်မြစ်တည်ငြိမ်အေးချမ်းမှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုခိုင်မာအောင်တည်ဆောက်ကြမည်မှာအမှန်ပင်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် စည်းလုံးညီညာအောင်ကြောင်းဖြာ တို့မြန်မာပြည်သာယာဟုဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံးက တစ်စိတ်တစ်ဝမ်းတစ်လက်ညီတည်ဆောက်ကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

## သဇင်ပွင့်ချိန်

✤ ပန်းသဇင် ရွှေတစ်ခက်ကိုဖြင့်
နမ်းချင်လျှင် အသရေတက်အောင်လို့
ရွှေလက်နှင့် ချူရမည်. . .။

✤ သဇင်ပွင့်ကိုဖြင့်
ယှဉ်ဝံ့သူ ဘယ်ဆီမှာလဲ့
မကြည်သာ ဣသာပျိုးကြမဲ့
ငြိုးမပြန် မာန်မတုံ့ခဲ့ပါဘူး
ကံနို့သူ အလှမွဲပေလိမ့်
မြထဲမှာ ရွှေဆင်လို့
ရွှေသဇင် အခါသင့်
ပွင့်လိုက်ပါပြီ။

✤ သဘောမျှ ရလျှင်ဖြင့်
လောကမှာ ပန်းတိုင်းပွင့်
ပွင့်တိုင်းလည်း မွှေးစေချင်
ကိုယ်စွမ်းလျှင် ကိုယ်ပိုင်လို့
ကိုယ့်မဏ္ဍိုင် ကိုယ်သာဖြစ်တာမို့
မြနှစ် မြေဆီနဲ့
ရေကြည်ကို ရအောင်သောက်ပါကွဲ့
ထမြောက်ဖို့ အားမာန်ချီ
ရာသီကို ခါမီချင့်။

✤ ဩော်…မိုးပြိုတဲ့ ဒဏ်
မိုးစိုတဲ့ ဒဏ်
လောကဓံ ရှောင်မလွှဲသာဘူး
အခက်အခဲ ဖြေသာရန်မတော့
စေတနာမှန် ကံတရားပါကွဲ့
ပျံ့ရှား တကြူကြူနဲ့
ပန်ချင်သူ ရွှေရောင်ဝင့်စေဖို့
ပန်ထိုက်သူ ရွှေရောင်တင့်စေဖို့
အမြင့်တစ်ခွင် ဝလာ၌
မယှဉ်သာ အမုန်းမလွှင့်ကြပါနဲ့
သဇင်မှာ အပြုံးဆင့်လျက်ပါပဲ
(ဩော်) ဘုန်းနှင့်ကံနှင့်။ ။

မြင်းမူမောင်နိုင်မိုး



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။



သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအား လက်ဖက်ရည်ဝိုင်းဖြင့်ဂုဏ်ပြုဧည့်ခံစဉ်။





⇨ **စာမျက်နှာ ၁၇ မှအဆက်**

ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန်တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူအကြား ယုံကြည်မှုနှင့်တာဝန်သိမှုကို ဖော်ပြသည့်သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများနှင့် သင်တန်းတက်ရောက်နေဆဲဖြစ်သည့်ပြည်သူ့စစ်မှုထမ်းများနှင့်နောင်လာနောက်သားမျိုးဆက်သစ် လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်။

"ကျွန်တော် ပြည်သူ့စစ်မှုထမ်းထဲဝင်ရောက်ရတဲ့အကြောင်းရင်းကတော့ ဥပဒေပြဋ္ဌာန်းလိုက်ကတည်းက ရည်ရွယ်ချက်လေးတွေရှိတော့ ရည်ရွယ်ချက်လေးတွေ ပြည့်မြောက်ချင်လို့ ဝင်လာခဲ့တာပါ။ နှစ်နှစ်ကာလမှာလည်း တွေ့ကြုံခဲ့ရတာတော့ စစ်သားတစ်ယောက်ရဲ့ နေ့စဉ်လှုပ်ရှားမှုတွေ၊ သူတို့ဘယ်လိုကျော်ဖြတ်နေရတဲ့ဟာတွေကို ကျွန်တော်တို့ သိခဲ့ရပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း သူတို့နဲ့ ပူးပေါင်းပြီးတော့ နှစ်နှစ်တာကာလပြီးဆုံးတဲ့အထိ ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ ဒီကာလပြီးတော့ နောင်ဝင်လာမယ့်လူငယ်တွေကိုလည်း ဘာပြောချင်လဲဆိုတော့ ကိုယ်တိုင်ကြိုးစားကြည့်ပါ။ ဘေးစကားတွေကို မယုံပါနဲ့ ။ ကိုယ်တိုင်လုပ်ကြည့်မှ ကိုယ်တိုင်သိမှာပါ။ မည်သည့်အရာမဆို ကိုယ့်စဉ်းစားဆင်ခြင်ဉာဏ်နဲ့ ကိုယ်တိုင်ဆုံးဖြတ်ပြီးတော့ ဝင်စေချင်တယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်"ဟုပြောသည်။

"ကျွန်တော့်ရဲ့အသိစိတ်ဓာတ်နဲ့ ကျွန်တော့်ရည်ရွယ်ချက်နဲ့ ဘယ်သူမှ မတိုက်တွန်းဘဲ ကျွန်တော့်ကိုယ်ကျွန်တော်ယုံယုံကြည်ကြည်နဲ့ ဝင်လာခဲ့တာဖြစ်ပါတယ်၊ ဒီအတွက်လည်း ကျွန်တော်အခုလို စစ်သားတစ်ယောက်ဖြစ်ရတဲ့ စစ်ပညာတွေသင်ကြားရတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော်အများကြီးဂုဏ်ယူမိတယ်။ မြန်မာနိုင်ငံမှာနေရင်တော့ မြန်မာနိုင်ငံကထုတ်တဲ့ ဥပဒေကိုတော့ လိုက်နာရမှာပဲ။ စစ်မှုထမ်းအပတ်စဉ် ထပ်လာမယ့် ညီငယ်လေးတွေကိုလည်း ဘာမှမစိုးရိမ်မကြောင့်ကြဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံယုံကြည်ကြည်နဲ့ လာပြီးတော့ တာဝန်ထမ်းဆောင်ဖို့လည်း ကျွန်တော်က ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။

(၁၀၀)

# လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၁၁**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၉၄ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

▲ **ကျောဖုံးမှအဆက်**

နယ်မြေလုံခြုံရေးတာဝန်များနှင့် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များ၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အကအခုန်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ တက်ရောက်ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့်ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။







ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။







ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။






အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

⇨ **ရှေ့ဖုံးမှအဆက်**

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှတပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြပြီး တာဝန်ကျေပွန်စွာစစ်မှုထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက အခမ်းအနားသို့တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြပြီး နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့်




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့ စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့ စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့ စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့ စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့ စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့ စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ အား ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့် ပေးအပ်ခြင်း အခမ်းအနား ကျင်းပစဉ်။

၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့်ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ် ကမ္ပည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းများသည် စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက်တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများကို အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒပြုသည့် အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီများနှင့်ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံသားကောင်းပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ

**စာမျက်နှာ ၁၅ သို့** ⇨

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Heads of State/Government send congratulatory messages to Senior General Min Aung Hlaing on his election of President

**The following are congratulatory messages from Heads of State/Government sent to Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing on his election of President.**

## Press Release

His Majesty Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah, Sultan and Yang Di-Pertuan of Brunei Darussalam sent congratulatory message to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar, on the occasion of his election as President of the Republic of the Union of Myanmar.

**His Excellency**
**Min Aung Hlaing**
**President**
**Republic of the Union of Myanmar**

**Your Excellency,**

I extend my congratulations on your excellency's appointment as President of the Republic of the Union of Myanmar.

Brunei Darussalam and the Republic of the Union of Myanmar continue to enjoy warm and friendly relations in areas of shared interest.I look forward to further enhancing these much-valued ties. Both bilaterally and as regional partners in ASEAN for the mutual benefit of our people and countries.

With my kindest regards and best wishes for your excellency's continued good health and happiness.

**Sultan Haji Hassanal Bolkiah of Brunei**

**Private and Confidential Secretary of**
**His Majesty Sultan and Yang Di-Pertuan of Brunei Darussalam**

## Press Release

H.E. Mr. Anton Kobyakov, Adviser to the President of the Russian Federation,sent a congratulatory message to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar, on the occasion of his election as President of the Republic of the Union of Myanmar.

**Dear Mr. President,**

Please allow me to·cordially congratulate you on your election as President of the Republic of the Union of Myanmar.

We know you as an experienced politician and a talented statesman and military leader who has repeatedly demonstrated through actions your dedication to the interests of your country and the aspirations of the people of Myanmar, upholding its values and centuries-old traditions. You have built a distinguished military career, rising from service in the land forces to the rank of Senior General and Commander-in-Chief of Myanmar's armed forces - steadfastly defending the country's territorial integrity and sovereignty.

With your personal support, the partnership between our nations continues to develop steadily across numerous areas, including economic, social, cultural,scientific, and others.

I am confident that the close ties between Russia and Myanmar, will steadily grow stronger.

Wishing you all the best and every success in this highly responsible position.

Taking this opportunity, please accept my assurances of the highest respect.

Sincerely,

**Adviser to the President of the Russian Federation**
**Anton Kobyakov**

## Press Release

**Your Excellency,**
**Mr. President of the Republic of the Union of Myanmar,**
**U Min Aung Hlaing**

It is with high regard that I offer my sincerest congratulations for your election as the Presidency of Myanmar. This important milestone reflects the confidence your people have placed in your leadership and vision for the nation's future.

I wish you every success in your term, with achievements that promote the prosperity, stability, and well-being of the people of Myanmar, as well as the strengthening of friendly and cooperative relations with the international community.

May your government be guided by wisdom, dialogue, and commitment to sustainable development and social harmony.

I renew my expressions of esteem and distinguished consideration.

**Your Sincerely, Ricardo Cateb Cury**
**Honorary Consul of the Republic of the Union of Myanmar**
**São Paulo/Brazil**

## Press Release

H.E. Mr. Sihasak Phuangketkeow, Deputy Prime Minister and Minister of Foreign Affairs of the Kingdom of Thailand sent a congratulatory message to H.E. U Nyo Saw, on the occasion of his election as Vice-President of the Republic of the Union of Myanmar.

## Press Release

H.E. Mr. Sihasak Phuangketkeow, Deputy Prime Minister and Minister of Foreign Affairs of the Kingdom of Thailand sent a congratulatory message to H.E. Daw Nan Ni Ni Aye, on the occasion of her election as Vice-President of the Republic of the Union of Myanmar.

# More than 50,000 acres of rainfed paddy harvested in Kangyidaunt Township



KANGYIDAUNT April 11

This year, local farmers harvested 52,595 acres of rainfed paddy in Kangyidaunt Township of Ayeyawady Region, said Daw Aye Aye Mu, the head of Pathein District Agriculture Department.

It is reported that Kangyidaunt Township was able to cultivate up to 143,960 acres of monsoon paddy during this year's monsoon cropping season. Harvesting of these monsoon paddy fields began in the first week of October, and 52,595 acres have been harvested so far. The harvested paddy is yielding 111.17 baskets per acre.

In Kangyidaunt Township, the Department of Agriculture, the Administration Team, the Irrigation and Water Utilization Management Department, the Agricultural Mechanization Department, and other related departments worked together to achieve full monsoon paddy cultivation this year. **SK**

# Trading of tilapia fish in high demand at domestic market in Myanaung Township

MYANAUNG April 11

Tilapia fish is being traded with high demand at the fish and meat market in Myanaung Township of Ayeyawady Region, said Daw Aye Thet, the owner of fishery product trading depot in Myanaung Township.

Trading of tilapia fish is booming at the domestic market in Myanaung Township from the first week of December to date. Its trading is 2,000 viss to 3,500 viss per day at the domestic market due to high demand of consumers.

"In the fish market, demand for tilapia has recently been strong. Prices vary depending on weight and freshness. As sales of tilapia—one of the main freshwater products—have improved, workers, traders, and major fish farmers are seeing better business conditions.

Normally, supply is not consistent, but daily sales now reach more than 3,500 viss," said Daw Aye Thet.

In Myanaung Township, wholesalers purchase locally sourced tilapia, process them to market standards, and distribute them for sale. Tilapia from the area are currently selling for up to Ks-18,500 per viss.

**SMK**

# Farmers plant more than 1,000 acres of bell pepper in Sagaing District



SAGAING April 11

According to Sagaing District Agriculture Department, local farmers have planted more than 1,000 acres of bell pepper as cold season in Sagaing District of Sagaing Region.

During the 2025–2026 winter cropping season, Sagaing District planned to cultivate 2,373 acres of bell pepper. Cultivation began in October last year, and as of today, 656 acres have been planted in Sagaing Township, 340 acres in Myinmu Township, and 645 acres in Myaung Township, totalling 1,641 acres.

For this season, the township-level cultivation plans for bell pepper in Sagaing District are: 1,152 acres in Sagaing Township, 450 acres in Myinmu Township, and 771 acres in Myaung Township, totalling 2,373 acres.

Staff from the district and Township Agriculture Departments are providing farmers with technical guidance on good cultivation practices to improve yields and marketability, pest prevention and control methods, and soil nutrient management.

The production cost for bell pepper from the start of planting until harvest ing is about Ks-1.5 million per acre for farmers using their own land, and around Ks-2.5 million per acre for those renting land. Bell pepper can be harvested once every 15 days, and harvesting can continue for up to six months. Early harvests yield about 100 viss per acre, and in the following weeks yields range between 400 viss and 500 viss per acre. **SK**

# More than 15,000 acres of rainfed paddy harvested in Wetlet Township

WETLET April 11

Local farmers are harvesting more than 15,000 acres of rainfed paddy in Wetlet Township of Sagaing Region, according to the Township Agriculture Department.

During this year's monsoon cropping season in Wetlet Township, a total of 138,412 acres of rainfed paddy were cultivated. Harvesting of the monsoon paddy fields began in November last year, and as of today, 15,923 acres have been harvested, with an average yield of 84.55 baskets per acre.

"During this year's monsoon cropping season, Wetlet Township cultivated up to 138,412 acres of monsoon paddy. Harvesting of these paddy fields is currently under way, and more than 15,000 acres have been harvested to date. Necessary technologies and seed varieties were provided for monsoon paddy cultivation, and field activities were carried out to ensure that farmers could plant on time," said Daw Kyin San, Township Head of the Wetlet Township Department of Agriculture.

During this year's monsoon cropping season, the relevant Township Department of Agriculture and local farmers worked together to ensure systematic cultivation of monsoon paddy without difficulties.

In Wetlet Township, monsoon paddy farmers were provided with agricultural technical assistance, pest prevention awareness, measures to prevent crop losses, and information to ensure that harvested paddy was transported under shelter in a timely manner.

Rainfed paddy plantations in Wetlet Township are thriving this year. Staff of the Township Agriculture Department help local farmers select quality strains of corps, prevent pests, weed the plantations, remove different strains of crops, systematically use fertilizers in the cultivation season. **SK**

# Local merchants ship a large number of green clams to Yangon market

DEDAYE April 11

Local merchants from Dedaye Township in Ayeyawady Region sold a large number of green clams to Yangon market said Daw Moe Myint, the owner of fishery trading depot in Dedaye Township.

In Dedaye Township, green clams harvested from natural sources are being sent to the Yangon market for sale. It is reported that 70,000 viss of green clams were able to be transported and sold. These clams continue to be purchased by buyers in the Yangon market.

"We are currently purchasing the green clams harvested locally. There is steady demand in domestic markets, and sales have been good over the past month. Compared to previous months, we have been able to transport and sell larger quantities. In Dedaye, people collect fish, prawns, crabs, and green clams from natural sources. The marine products collected in the township are mainly transported to Yangon for sale. With sales becoming more active than usual, fishers and traders are gaining more job opportunities and income," said Daw Moe Myint, a seafood wholesaler in Dedaye Township.

Seafood traders in Dedaye Township purchase various kinds of fish, prawns, crabs, and green clams from fishers. These products are then properly cleaned, processed, and packaged before being transported to the Yangon market for sale. From Yangon, they are further distributed to other regions.

**SMK**

# Trump hopes Strait of Hormuz to open up 'Automatically' if deal with Iran reached



WASHINGTON April 11

US President Donald Trump claims that the Strait of Hormuz will open "automatically" if a deal with Iran is reached.

"That'll open up automatically," the US leader told reporters.

At the same time, Trump expressed confidence that the strait would be open to shipping anyway.

Trump reiterated that the first point of a good deal with Iran should be the renunciation of nuclear weapons, despite Tehran's repeated statements that it had no desire to acquire them.

US President Donald Trump announced on the night of April 8 that an agreement had been reached with Iran on a two-week ceasefire. It was later reported that talks on sustainable peace in the region would be held on Saturday in Pakistan.

US Vice President JD Vance will lead a delegation to Pakistan, which also includes Trump's special envoy Steve Witkoff and the US leader's son-in-law, Jared Kushner. US negotiators will be accompanied by experts from the US National Security Council, the State Department, and the Pentagon. **Sputnik**

# US agrees to unfreeze Iranian funds abroad – media

WASHINGTON April 11

Washington has agreed to release frozen Iranian assets held in Qatar and other foreign jurisdictions, a move seen as a sign of "seriousness" in reaching a deal between the US and the Islamic Republic, Reuters reported on Saturday, citing a senior Iranian source. Negotiators from both countries have arrived in Pakistan for talks.

High-level Iranian and US delegations arrived in Islamabad on Saturday to continue negotiations on a proposed peace framework. Some elements of the plan have been circulated in media reports, although no official details have been released by either side.

Unfreezing the assets is "directly linked to ensuring safe passage through the Strait of Hormuz", a key issue in the talks, an unnamed official told the news agency. The source did not disclose the amount, while a second Iranian official said the US was ready to release US$-6 billion held in Qatar. However, CBS News reported, citing a senior US official, that the White House hasn't agreed to authorize release of the funds.

The exact value of Iran's frozen assets remains unclear, though by some estimates the figure exceeds US$-100 billion. It includes funds immobilized directly in the US, assets restricted abroad, oil revenues in escrow, and central bank reserves blocked due to US secondary sanctions.

The US$-6 billion now held in Qatar was transferred there in September 2023 under a US-Iran prisoner swap mediated by Doha, involving the release of five Americans detained in Iran and five Iranians held in the US. Washington said the money would be limited to humanitarian use, with payments only to approved vendors under US Treasury oversight. **RT**

# 6 Palestinians killed in Israeli airstrike targeting security checkpoint in C. Gaza



RAMALLAH April 11

At least six people were killed Saturday in an Israeli airstrike targeting a Palestinian police checkpoint in the Bureij refugee camp in central Gaza, according to Palestinian sources and eyewitnesses.

Palestinian medical sources at al-Aqsa Hospital in Deir al-Balah reported that ambulances transported the bodies of at least six people killed and a number of wounded in the attack.

There was no immediate comment from the Israeli military or Hamas.

The Hamas-run interior authorities in Gaza have been gradually resuming operations in recent months by establishing checkpoints and repairing some of its security headquarters in the enclave.

In response, the Israeli army targeted checkpoints and police vehicles in various parts of Gaza, resulting in deaths and injuries. Israel claimed these operations targeted armed elements or potential threats, despite a Gaza ceasefire agreement reached between Hamas and Israel, which went into effect in October 2025.

Separately, five Palestinians were killed in a traffic accident south of Nablus in the northern West Bank on Saturday, according to official Palestinian sources.

Also on Saturday, Hamas welcomed a two-week ceasefire between Iran and the United States that took effect on Wednesday, as well as ongoing negotiations between the two sides in Pakistan's Islamabad on easing tensions in the Middle East. **Xinhua**

# China successfully launches test satellite for satellite internet technology support

GUANGDONG April 11

China on Saturday launched a Smart Dragon-3 (SD-3) carrier rocket from the sea, sending a test satellite into its planned orbit to promote satellite internet technology.

The SD-3 rocket blasted off at 7:32 p.m. (Beijing Time) from waters off the coast of Yangjiang in south China's Guangdong Province. This offshore launch mission was carried out by the Taiyuan Satellite Launch Center. **Xinhua**

# 4 dead as truck plows into gym in southern Philippines

MANILA April 11

Four people were killed after a cargo truck plowed into a village gymnasium and several parked vehicles in Davao City, the southern Philippines, on Saturday morning, local authorities said.

The Davao City Police Office said the incident occurred shortly after 10 a.m. when a tire on the 10-wheeler truck burst, causing the driver to lose control of the vehicle.

Police said the driver, his helper and two pedestrians died at the scene. **Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## Unit 47 Reported speech 1 ( **he said that ...**)

### Exercises

**47.2 Somebody says something to you which is not what you expected. Use your own ideas to complete your answers.**

1. A: It's quite a long way from the hotel to the city centre.
   B: Is it? The man on the reception desk said it was only five minutes' walk.
2. A: Sue is coming to the party tonight.
   B: Is she? I saw her a few days ago and she said she ..........................................
3. A: Sarah gets on fine with Paul.
   B: Does she? Last week you said ..........................................each other.
4. A: Joe knows lots of people.
   B: That's not what he told me. He said ..........................................anyone.
5. A: Jane will be here next week.
   B: Oh, really? When I spoke to her, she said..........................................away.
6. A: I'm going out tonight.
   B: Are you? I thought you said..........................................at home.
7. A: I speak French quite well.
   B: Do you? But earlier you said..........................................any other languages.
8. A: I haven't seen Ben recently.
   B: That's strange. He told me..........................................last weekend.

## Unit 48 Reported speech 2

**A** We do not always change the verb in reported speech. If the situation is still the same, it is not necessary to change the verb to the past. For example:

- direct Paul said, '**My** new job is boring.'
  reported Paul said that **his** new job **is** boring.
  (The situation is still the same. His job is still boring now.)
- direct Helen said, '**I want** to go to Canada next year.'
  reported Helen told me that **she wants** to go to Canada next year.
  (Helen still wants to go to Canada next year.)

You can also change the verb to the past:

- Paul said that his new job **was** boring.
- Helen told me that she **wanted** to go to Canada next year.

But if the situation has changed or finished, you need to use a past verb. Compare:

- Paul left the room suddenly. He said '**I have to go**.' (direct speech)
- Paul left the room suddenly. He said (that) **he had to go**. (not has to go)

**B** You need to use the past in reported speech when what was said is diff erent from what is really true.

For example:

You met Rachel a few days ago. She said:

- Have you heard? **Joe is in hospital**.

Later that day you meet Joe in the street. You say:

- Joe, this is a surprise. Rachel said you **were** in hospital.

(not 'you are in hospital' – it's clear that he isn't)




**Raymond Murphy**

# အနာဂတ်ကိုကောင်းမွန်စွာဖန်တီးတည်ဆောက်မည့် ပြည်သူ့စစ်မှုထမ်းများ

မန္တလာကိုကိုဝင်း

လူငယ်များအနေဖြင့် မိမိတို့အသက်အရွယ်နှင့်ကျန်းမာရေးကောင်းမွန်မှုများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခွင့်ရရှိခြင်းမှာ အလွန်ပင်ဂုဏ်သိက္ခာရှိသည့်တာဝန်ထမ်းဆောင်မှုဖြစ်သည်၊ နိုင်ငံသားတိုင်းသည်မိမိနိုင်ငံကိုကာကွယ်စောင့်ရှောက်ရေးမှာ မွေးရာပါတာဝန်အဖြစ်သိရှိကြပြီးဖြစ်သည်။ မိမိနိုင်ငံကို မိမိတို့လူငယ်များကမှ မကာကွယ်ပါလျှင် မည်သူကလာရောက်ကာကွယ်မည်နည်း။ မိမိနိုင်ငံကို မိမိတို့လူငယ်တွေ ကာကွယ်လိုစိတ်နည်းပါးနေမည်ဆိုလျှင် အဆိုပါနိုင်ငံသည် သူတစ်ပါး၏ကျူးကျော်မှု၊ ဗိုလ်ကျစိုးမိုးမှုများကို မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်ကျင့်သုံးခဲ့သည်မှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်ကဖြစ်သည်၊ အဆိုပါဥပဒေသည်နိုင်ငံတော်နှင့်နိုင်ငံသားများ၏အနာဂတ်လူမှုစီးပွားဘဝအတွက် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်ရောက်မှစတင်ကျင့်သုံးခြင်းဖြစ်သည်။ အခြားသောကမ္ဘာ့နိုင်ငံများတွင်လည်း မိမိနိုင်ငံကိုမိမိတို့ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေများကို ထုတ်ပြန်ကာပြည်သူ့စစ်မှုထမ်းအဖြစ် နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည်အမှုထမ်းဆောင်ကြရသည်၊ ဤသို့ဆောင်ရွက်ခြင်းမှာအရေးပေါ်အခြေအနေနှင့်ကြုံလာပါက နိုင်ငံအတွင်းရှိလူငယ်လူရွယ်များအနေဖြင့်စစ်ပညာတတ်မြောက်ထားပြီး စစ်မှုထမ်းအတွေ့အကြုံရှိနေသည့်အတွက်မည်သည့်ရန်မျိုးကိုမဆိုလွယ်ကူစွာအနိုင်ယူနိုင်ကြမည်ဖြစ်သည်။ ဂုဏ်ယူဖွယ်ကောင်းသည့်အမျိုးသားရေးတာဝန်ကို အသက်အရွယ်အရ အကျုံးဝင်သူများ တာဝန်သိစိတ်နှင့် ထမ်းဆောင်ခွင့်ရရှိစေရန် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အသက်သွင်းခဲ့သည့်အတွက် ယခုအခါ ပြည်သူ့စစ်မှုထမ်းတာဝန်ကိုကျေပွန်စွာထမ်းဆောင်ပြီးမြောက်သူများပင်ရှိလာပြီဖြစ်သည်။ မကြာမီအချိန်အတွင်းမှာ ဂုဏ်ယူဝမ်းသာဖွယ်ရာ အိမ်အပြန်ခရီးကို စတင်မည်ဖြစ်သည်။





ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ရသော နှစ်နှစ်တာကာလတွင် ပြည်သူ့စစ်မှုထမ်းလူငယ်များသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။ တာဝန်ကိုကျေပွန်သည့်အပြင် စေတနာပါပါထမ်းဆောင်ခဲ့ကြသည့်အတွက် ပြည်သူ့စစ်မှုထမ်းလူငယ်အချို့မှာ ဂုဏ်ယူဖွယ်ကောင်းလှသည့် ဂုဏ်ပြုချီးကျူးခံရခြင်းများရှိခဲ့သည်။ သူတို့သည် သာမန်အရပ်သားဘဝမှ ပြည်သူ့စစ်မှုထမ်းများအဖြစ်သို့ ကူးပြောင်းရောက်ရှိလာသည့်အခါ ပထမဆုံးသူတို့အတွက်ရရှိသော ကောင်းကျိုးမှာ တန်ဖိုးရှိသောလူငယ်များဖြစ်လာကြခြင်းပင်ဖြစ်သည်။ အချိန်ကိုတန်ဖိုးရှိစွာအသုံးပြုလာတတ်သည်။ အချိန်နှင့်စား၊ အချိန်နှင့်သွားလှုပ်ရှားရသည့်အတွက် ကျန်းမာသန်စွမ်းသောလူငယ်များဖြစ်လာကြသည်။ တပ်မတော်သားတစ်ဦးအဖြစ်ပြည်သူ့စစ်မှုထမ်းကြရသည့်အခါ စစ်သားကြီးလုံးလုံး၊ဗိုလ်မှူးကြီးရှုံးလောက်ရဲ့ဆိုစကားကဲ့သို့ သွက်လက်ဖျတ်လတ်ကျန်းမာကြံ့ခိုင်သည်မှာ ဒေါင်ဒေါင်ပင်မြင်တွေ့သည်။

ပြည်သူ့စစ်မှုထမ်းများ၏စွမ်းဆောင်ချက်များသည် နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါသည့် အလှည့်အပြောင်းတစ်ခုဖြစ်သည်။ သမိုင်းစာမျက်နှာတွင် ပြည်သူ့စစ်မှုထမ်းများ၏စွမ်းဆောင်မှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။ သူတို့၏စွန့်လွှတ်စွန့်စားမှု၊ ရဲရင့်မှု၊ သတ္တိပြောင်မြောက်မှုက "နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာအမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမက နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည်" ဟူသောအနှစ်သာရကိုပီပြင်စွာဖော်ညွှန်းပြသနိုင်ခြင်းဖြစ်သည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဥပဒေပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်" ဆိုသည့်ပြဋ္ဌာန်းချက်ကိုလက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်၊

ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့်စည်းကမ်းစနစ်ကျနစွာစီမံဆောင်ရွက်ပေးထားသည်။ တရားနည်းလမ်းကျနစွာဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းမရှိပါက သတင်းပေးတိုင်ကြားဆက်သွယ်နိုင်ရန် လိပ်စာနှင့်ဖုန်းနံပါတ်များကိုနေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်သည်။ သင်တန်းတက်ရောက်ရန် သင်တန်းများ စတင်ဖွင့်လှစ်ခြင်း၊ သင်တန်းပြီးမြောက်ခြင်းစသည့်အချိန်အခါများတွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများကိုယ်တိုင်အလေးထားဂုဏ်ပြုခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို သတင်းမီဒီယာများတွင်ဖော်ပြထားသည်၊ ထို့အတူ သင်တန်းသားများ၏ ရင်တွင်းစကားသံများကိုလည်း ပြည်သူများကြားသိအောင်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများကို နိုင်ငံတော်နှင့်ပြည်သူတို့က အလေးထားကြည့်ရှုစောင့်ရှောက်မှု၊ ကြိုဆိုဂုဏ်ပြုမှုများ စဉ်ဆက်မပြတ်ရှိနေကြောင်းကို ထင်ရှားစွာပြနေခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် ခံ့ညားထည်ဝါစွာပြည်သူ့စစ်မှုထမ်းဆောင်ခွင့်ရရှိခြင်းဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မိမိတို့၏ဘိုးဘွားများတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့၍ ယနေ့တိုင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင်မားမားမတ်မတ်ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ခေတ်ကာလအလိုက် လူငယ်များ၏တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များနှင့်အတူ စွန့်လွှတ်စွန့်စားကာကွယ်ပေးခဲ့သည့်အတွက် နိုင်ငံတော်သီချင်းတွင်ဖော်ပြထားသည့်အတိုင်း "တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ-တို့ပြည်-တို့မြေ- များလူခပ်သိမ်း-ငြိမ်းချမ်းစေဖို့-ခွင့်တူညီမျှ-ဝါဒဖြူစင်တဲ့ပြည်-တို့ပြည် တို့မြေ" အစချီသော နိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာသံပြိုင်ဟစ်ကြွေးနိုင်ခြင်းဖြစ်သည်။ လူငယ်တိုင်းက မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်ခင်မြတ်နိုးတန်ဖိုးထားကာကွယ်လိုစိတ်ရှိနေမှသာ မြန်မာနိုင်ငံသည်ကမ္ဘာ့အလယ်တွင်ထည်ဝါခံ့ညားစွာရပ်တည်နေနိုင်မည်ဖြစ်သည်။

ဘိုးဘွားအမွေစစ်ဖြစ်သည့် မြန်မာနိုင်ငံကိုမျိုးဆက်သစ်လူငယ်အဆက်ဆက်ကလည်း ရှေးကလူငယ်များနည်းတူ ကာကွယ်စောင့်ရှောက်ကြရမည်မှာ သမိုင်းအစဉ်အလာကောင်းဖြစ်သည်။ နိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွန်းလာပြီး အရွယ်ရောက်သူနိုင်ငံသားတိုင်းကာကွယ်ရေးပညာကို သင်ကြားခွင့်ရရှိခြင်းသည် နိုင်ငံတော်နှင့်လူငယ်များ၏ အနာဂတ်အတွက် ကောင်းကျိုးတိုးပွားစေခြင်းဖြစ်သည်။ နိုင်ငံတိုင်းတွင် တပ်မတော်ကိုအင်အားရှိအောင်နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင်မြန်မာနိုင်ငံ၏ကာကွယ်ရေးစွမ်းအားမြှင့်တင်ခြင်းနည်းလမ်းများထဲတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းလည်းပါဝင်ပေသည်။ **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဟူသောဆောင်ပုဒ်သည်အမြဲတမ်းမှန်ကန်နေသည့်အမှန်တရားဖြစ်သည်၊ အင်အားချည့်နဲ့နေလျှင် သူများအောက်ကျခံနေရမည်သာဖြစ်သည်။

- ❖ **ပြည်သူ့စစ်မှုထမ်းများ၏ စွမ်းဆောင်ချက်များသည် နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါသည့် အလှည့်အပြောင်းတစ်ခုဖြစ်သည်။ သမိုင်းစာမျက်နှာတွင် ပြည်သူ့စစ်မှုထမ်းများ၏စွမ်းဆောင်မှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ် . . .**
- ❖ **သူတို့၏စွန့်လွှတ်စွန့်စားမှု၊ ရဲရင့်မှု၊ သတ္တိပြောင်မြောက်မှုက "နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားတွေသာမကနိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည်" ဟူသော အနှစ်သာရကိုပီပြင်စွာဖော်ညွှန်းပြသနိုင်ခြင်းဖြစ် . . .**

**စာမျက်နှာ ၂၃ သို့** ◆

**◆ စာမျက်နှာ ၂၂ မှအဆက်**

ပြည်သူ့စစ်မှုထမ်းများနှင့်ပတ်သက်လျှင် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး သတ်မှတ်အသက်အရွယ် အကျုံးဝင်သူတိုင်းကို တစ်ပြိုင်နက် စစ်မှုထမ်းဆောင်စေခြင်း မဟုတ်ဘဲ သတ်မှတ်အရည်အချင်းကိုက်ညီသူများ အနက် ကျန်းမာရေးဆေးအဆင့် အောင်မြင်ပြီးသူများကိုသာ ပြည်သူ့စစ်မှုထမ်းအဖြစ် လစဉ်အလှည့်ကျ ခေါ်ယူနေခြင်းဖြစ်သည်။ ဥပဒေအရ အကျုံးဝင်သူများအနက် ကင်းလွတ်ခွင့်၊ ဆွှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိသူများကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းအဖြစ် တပ်မတော်ရှိသင်တန်းကျောင်းအသီးသီးတွင် စစ်ပညာရပ်များကို စနစ်တကျသင်ကြားပေးပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကာလတစ်လျှောက်လုံးတွင် အမြဲတမ်းစစ်မှုထမ်းများနှင့် တန်းတူ လစာ၊ ရိက္ခာနှင့်အခြားရပိုင်ခွင့်၊ ခံစားခွင့်များကို အပြည့်အဝရရှိစေသည်။ ပြည်သူ့စစ်မှုထမ်းအတွေ့အကြုံကောင်းများကြောင့် သူတို့၏ တစ်ကိုယ်ရေစည်းကမ်းပိုင်း ပိုမိုကောင်းမွန်လာသလို စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်တည်ငြိမ်မှု၊ မိမိကိုယ်ကိုယုံကြည်မှု၊ ဇွဲ၊ လုံ့လနှင့် ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှုများကိုပါ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျရာအခန်းကဏ္ဍအလိုက် တာဝန်သိနိုင်ငံ့သားကောင်းများအဖြစ် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခြင်းအတွေ့အကြုံများမှာ သူတို့၏ဘဝတွင် မမေ့နိုင်စရာ အတွေ့အကြုံကောင်းများဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများတွင် ဆေးပညာမဟာဘွဲ့ရ ဆရာဝန်များအပြင် အခြားဘွဲ့လွန်၊ ဘွဲ့ရပညာတတ်လူငယ်များလည်း ပါဝင်နေသည်ကို တွေ့မြင်နေရခြင်းအားဖြင့် သူတို့၏စိတ်ဓာတ်နှင့် ဆောင်ရွက်ချက်မှာလေးစားဂုဏ်ယူဖွယ်ဖြစ်သည်။

ဤလောကတွင် မေတ္တာနှင့်စေတနာတို့သည် ရောင်ပြန်ဟပ်သည်။ တစ်ဦးက စေတနာ၊ တစ်ဦးကမေတ္တာဆိုသည့်အတိုင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သတ်မှတ်ကာလ ပြည့်မြောက်ပါက နိုင်ငံတော်အနေဖြင့် လက်လွှတ်စပယ် (မသိကျိုးကျွန်)ပြုကာ ပြန်လည်စေလွှတ်ခြင်းမျိုးမဟုတ်ပေ။ လူငယ်များကပြည်သူ့စစ်မှုထမ်းတာဝန်ကိုကျေပွန်ပြီးမြောက်စွာ ထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့်“စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ” ကိုဖွဲ့စည်းခဲ့ပြီး စစ်မှုထမ်းကာလ ပြည့်မြောက်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနေပြီဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ၏ အနာဂတ်ခရီးလမ်း သာယာဖြောင့်ဖြူးစေရန်၊ ဘဝအာမခံချက်များခိုင်မာစေရန် အတွက် နိုင်ငံတော်အစိုးရက ကောင်းမွန်သော အစီအမံများပြုလုပ်ပေးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းများ၏အိမ်ပြန်ခရီး သို့မဟုတ် အနာဂတ်မှာပန်းခင်းသောလမ်းကို လျှောက်လှမ်းကြရတော့မည်ဖြစ်သည်။

အဆိုပါ စီမံခန့်ခွဲမှုကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီငါးခုဖွဲ့စည်းကာ ပြည်သူ့စစ်မှုထမ်းတာဝန် အောင်မြင်စွာထမ်းဆောင်ပြီးသူများကို တာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုဂုဏ်ပြုလက်မှတ်ပေးအပ်ပြီး အလုပ်အကိုင်များရရှိနိုင်သည့်ရွေးချယ်စရာလမ်းကြောင်းများကိုလည်းဖော်ဆောင်ပေးလျက်ရှိသည်။

ပထမဆုံးလမ်းကြောင်း အနေဖြင့် တပ်မတော်၏ရင်ခွင်တွင်ဆက်လက်ခိုလှုံပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လိုသူများအတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းလူငယ်များသည် နှစ်နှစ်တာစစ်မှုထမ်းကာလအတွင်းတွင် စစ်ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားကြပြီဖြစ်ပြီး စည်းကမ်းလိုက်နာမှု၊ ရဲရင့်မှုနှင့် ကြံ့ခိုင်မှုများကိုလက်တွေ့နယ်ပယ်တွင်သက်သေပြနိုင်ခဲ့ပြီးဖြစ်၍ တပ်မတော်က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လက်ကမ်းကြိုဆိုလျက်ရှိသည်။ အမြဲတမ်းစစ်မှုထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူများကို လက်ရှိတာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်တာကာလကို စစ်မှုထမ်းသက်အဖြစ် အသိအမှတ်ပြုပေးသွားမည်ဖြစ်ပြီး သူတို့၏ အရည်အချင်းနှင့်သင့်လျော်သည့် ရာထူးအဆင့်ဆင့်ကိုလည်း တိုးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

အထူးသဖြင့် တက္ကသိုလ်တက်ရောက်ဆဲ ကျောင်းသားများနှင့် တက္ကသိုလ်ဝင်တန်းအဆင့် အောင်မြင်ပြီးသူများကို တပ်ကြပ်ကြီးအဆင့်အထိ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ကိုက်ညီမှုရှိခဲ့လျှင် သက်ဆိုင်ရာဗိုလ်သင်တန်းသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ယခုပထမလမ်းကြောင်းမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲရဲဝံ့ဝံ့စွန့်စားလိုသည့်အပြင် တပ်မတော်သားဘဝကို မြတ်နိုးသူများအတွက် ဂုဏ်ယူဝင့်ကြွားစွာ ရွေးချယ်သင့်သော လမ်းကြောင်းကောင်းတစ်ခုဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ ကိုယ်တိုင်ဆန္ဒဖြင့် အမှုထမ်းကြသူများဖြစ်သည့်အတွက် အမြဲတမ်းစစ်မှုထမ်းအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်ရေးကို အတင်းအကျပ်တွန်းအားပေးခြင်းမျိုးရှိမည်မဟုတ်ပေ။ ကာယကံရှင်ကိုယ်တိုင်၏ဆန္ဒအရ တပ်မတော်သားဘဝကို အမှန်တကယ်ချစ်ခင်မြတ်နိုးပြီး တပ်မတော်တွင်တာဝန်ဆက်လက်ထမ်းဆောင်လိုသူများကိုသာ လက်ခံပေးသွားမည်ဖြစ်သည်။

ဒုတိယမြောက် ရွေးချယ်စရာလမ်းကြောင်းမှာ အရပ်ဘက်နိုင်ငံ့ဝန်ထမ်းအဖြစ်ကူးပြောင်းတာဝန်ထမ်းဆောင်လိုသူများအတွက် စီစဉ်ပေးထားသည့်အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများပူးပေါင်းကာ ဝန်ထမ်းအဖြစ် ဦးစားပေးခန့်အပ်ခြင်းဖြစ်သည်။ ခန့်အပ်ရာတွင်မူလအသက်သတ်မှတ်ချက်ကို သုံးနှစ်အထိတိုးမြှင့်လက်ခံပေးသွားမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများထဲမှ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်သူများအနေဖြင့်လည်း သတ်မှတ်ကာလပြည့်ပြီးပါက မူလနေရာဌာနများမှာ မူလတာဝန်များအတိုင်း ပြန်လည်ခန့်အပ်ပြီး စစ်မှုထမ်းကာလနှစ်နှစ်ကို လုပ်သက်အဖြစ် ထည့်သွင်းတွက်ချက်ပေးသွားမည်ဖြစ်သည်။

တတိယမြောက်ရွေးချယ်စရာလမ်းကြောင်းမှာ အစိုးရဝန်ထမ်းအဖြစ်မလုပ်ကိုင်လိုဘဲ ပြည်တွင်းပြည်ပ ပုဂ္ဂလိကကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အလုပ်သမားဝန်ကြီးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးမည့်အစီအစဉ်ဖြစ်သည်။ အစီအစဉ်အရ အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ပူးပေါင်းပြီး စစ်မှုထမ်းတာဝန်ပြီးဆုံးသူများကို ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် ဦးစားပေးခန့်အပ်သွားမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဟောင်းများ၏ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲနိုင်မှုအပြင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် မှန်ကန်သည့်စိတ်ဓာတ်ရေးရာများမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အလွန်တန်ဖိုးရှိလှသည့် လူသားအရင်းအမြစ်များဖြစ်သည်။ ထို့ကြောင့်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးများက သူတို့ကိုဝမ်းပန်းတသာလိုလိုလားလားလက်ကမ်းကြိုဆိုလျက်ရှိသည်။ အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများပူးပေါင်းပြီး ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်သည့်နေရာမှာလည်း စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သူများကို အထူးဦးစားပေးစေလွှတ်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

စတုတ္ထအနေဖြင့် နောက်ဆုံးလမ်းကြောင်းကတော့ တပ်မတော်သားအဖြစ်၊ အစိုးရဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်းမပြုလိုသူများကို မိမိတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေကိုပြန်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် လိုအပ်မည့်အရင်းအနှီးနှင့် ချေးငွေများကို နိုင်ငံတော်အစိုးရကသတ်မှတ်ချက်နှင့်အညီ ထုတ်ချေးပေးမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် နည်းပညာများကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းပေးမည်ဖြစ်သည့်အတွက် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပြီးသူများအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှုဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်” ဟူ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ ၃၈၆ တွင်ပြဋ္ဌာန်းထားသည်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထိုသို့တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ဧပြီလ ၁၁ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းမှာနိုင်ငံတော်အတွက်နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူများအကြား ယုံကြည်မှုနှင့်တာဝန်သိမှုကိုဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်၊ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် စံနမူနာကောင်းလည်းဖြစ်သည်။


မည်သည့်အလုပ်မဆို ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ဆောင်ရွက်ပြီးမှသာ အကျိုးအကြောင်း၊ အဆိုးအကောင်းကိုသိရှိနိုင်မည်ဖြစ်ပေရာ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးမြောက်သူများအဖို့ နိုင်ငံတော်၏မေတ္တာစေတနာကို နားလည်သဘောပေါက်ကြပြီဖြစ်သည်။ ယခင်ကမဟုတ်မမှန်သတင်းများထုတ်လွှင့်ကာ နိုင်ငံပျက်စီးရေးအဖျက်အမှောင့်သမားများ၏ သတင်းအမှားများသည် ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်သူလူငယ်များ၏ အနာဂတ်မှာ ကြိုက်နှစ်သက်ရာလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းခြင်းဖြင့် အနာဂတ်ကို ကောင်းမွန်အောင် ဖန်တီးတည်ဆောက်နိုင်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**❖ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းမှာ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူများအကြား ယုံကြည်မှုနှင့် တာဝန်သိမှုကိုဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်။ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် စံနမူနာကောင်းလည်းဖြစ် . . .**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation (Myanmar) Limited တို့အကြား ထောက်ရှာပင်-ကမ်းနီရေနံမြေတွင် ရေနံတိုးမြှင့်ထုတ်လုပ်ရန်အတွက် ရေနံတိုးတက်ထုတ်ယူရရှိရေးစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ တင်ဒါများခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် စာချုပ်များချုပ်ဆို၍ နိုင်ငံတော်အတွက် နစ်နာမှုမရှိစေရေး တာဝန်ယူ၍ စိစစ်ဆောင်ရွက်လျက်ရှိသည်။




လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် North Petro–Chem Corporation (Myanmar) Limited တို့အကြား ထောက်ရှာပင်–ကမ်းနီရေနံမြေတွင် ရေနံတိုးမြှင့်ထုတ်လုပ်ရန်အတွက် ရေနံတိုးတက်ထုတ်ယူရေးစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့က နေပြည်တော် Park Royal Hotel ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတော်အစိုးရအဖွဲ့ အသစ်အနေဖြင့် နိုင်ငံတော်၏ စာမျက်နှာသစ် စတင်ဖွင့်လှစ်သည့် အခါသမယတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် အထူးလိုအပ်နေသော ရေနံစိမ်းတိုးမြှင့်ထုတ်လုပ်နိုင်ရန် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခြင်းသည် လွန်စွာဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ရေနံစိမ်းများတိုးမြှင့်ထွက်ရှိလာပါက နိုင်ငံတော်အတွက် လိုအပ်သည့် စက်သုံးဆီများတိုးမြှင့်ချက်လုပ်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအတွက် ချက်ချင်းလက်ငင်း အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီသုံးစွဲမှု ၉၇ ရာခိုင်နှုန်းကို ဝယ်ယူတင်သွင်းနေရသည်ဖြစ်ရာ ယခုကဲ့သို့ ကမ္ဘာတစ်ဝန်းစက်သုံးဆီအခက်အခဲများဖြစ်ပေါ်လာချိန်တွင် မိမိတို့ပြည်သူများအနေဖြင့် လွန်စွာခက်ခဲသည့်အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေကြရကြောင်း၊ ယင်းအခက်အခဲများမှ လွတ်မြောက်နိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတူးဖော်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေသကဲ့သို့ ထွက်ရှိလာသည့် ရေနံစိမ်းများကိုလည်း ကိုယ်တိုင်ချက်လုပ်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တွင် ရေနံချက်စက်ရုံအသစ်များ ထပ်မံထွက်ပေါ်လာစေရေးအတွက် စီမံဆောင်ရွက်နေပြီး ၁၉၈၂ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့သည့် သံပရာကန်ရေနံချက်စက်ရုံကိုလည်း အဆင့်မြှင့်တင်ခြင်း၊ စွမ်းအားပြည့်လည်ပတ်နိုင်ရန် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် North Petro–Chem Corporation (Myanmar)Limited ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး စာချုပ်ပါကတိကဝတ်များအတိုင်း ရလဒ်ကောင်းများ အမြန်ဆုံးပေါ်ထွက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့်အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာ လှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ခရမ်းမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီလ ၁၀ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ပြင်းထန်သည့်အပူဒဏ်ကြောင့် ခန္ဓာကိုယ်၌မူးဝေခြင်း၊ နုံးချိခြင်းမှစ၍ အသက်အန္တရာယ်ရှိသည်အထိ ဖြစ်ပေါ်နိုင်ကြောင်း၊ မိမိကိုယ်တိုင်နှင့် မိသားစုဝင်များကို အပူဒဏ်အန္တရာယ်ကာကွယ်ရမည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်လှမြတ်ထက်က တိုင်းရင်းဆေးပညာနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။**ခင်နှင်းဝေ(ပြန်/ဆက်)**

## ကော့မှူးမြို့နယ်၌ စာဖတ်ရိုန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၁၀ ရက်က စာဖတ်ရိုန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပသည်။



ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးကျော်သူရက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်မြက်သူက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ စာအုပ်စာပေများကို ချစ်မြတ်နိုးပြီး ပြင်ပစာပေများကို ဖတ်ရှုလိုစိတ်များဖြစ်ပေါ်လာစေရန်၊ ငယ်ရွယ်စဉ်ကပင် စာအုပ်စာပေများ လေ့လာဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## စွမ်းအင်အသုံးပြုမှုနည်းတဲ့ စက်ပစ္စည်းများအတွက် နှစ် ၁၀၀ ခံမယ့် နျူကလီးယားဘက်ထရီ




တရုတ်နိုင်ငံက သိပ္ပံပညာရှင်တွေဟာ စွမ်းအင်သုံးစွဲမှု အလွန်နည်းတဲ့စက်ပစ္စည်းတွေအတွက် နှစ်ပေါင်း ၁၀၀ ကျော်အထိ အားပြန်သွင်းစရာမလိုဘဲ အသုံးပြုနိုင်မယ့် နျူကလီးယားဘက်ထရီခဲတစ်မျိုးကို တီထွင်လိုက်ပါတယ်။ ဒီဘက်ထရီက လက်ရှိအသုံးပြုတဲ့ လီသီယံဘက်ထရီများထက် စွမ်းအင်သိပ်သည်းဆ ပိုမိုမြင့်မားသလို အလွန်အေးတဲ့ဒဏ် ဒါမှမဟုတ် ပူတဲ့ဒဏ်တွေကိုလည်း ခံနိုင်ရည်ရှိပါတယ်။

အခုတီထွင်လိုက်တဲ့ဘက်ထရီက ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ်တွေ ဆုတ်ယုတ်ပျက်စီးရာကနေ ထွက်ပေါ်လာတဲ့စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးတာဖြစ်ပါတယ်။ အရွယ်အစားအားဖြင့် အလွန်သေးငယ်တာကြောင့် ခန္ဓာကိုယ်ထဲထည့်သွင်းရတဲ့ နှလုံးခုန်နှုန်းထိန်းစက်တွေ၊ အာကာသစူးစမ်းလေ့လာရေးယာဉ်တွေနဲ့ ဝေးလံခေါင်ဖျားဒေသတွေမှာရှိတဲ့ အာရုံခံကိရိယာတွေမှာ အားကိုးတကြီးအသုံးပြုနိုင်မှာပါ။

ဘက်ထရီဟာ ရေဒီယိုသတ္တိကြွပစ္စည်းအသုံးပြုထားပေမယ့်အကာအကွယ်အလွှာတွေ စနစ်တကျထည့်သွင်းတည်ဆောက်ထားတာကြောင့်လူတွေအတွက်အန္တရာယ်မရှိဘူးလို့ဆိုပါတယ်။ အနာဂတ်မှာ ဒီနည်းပညာသာ ပိုပြီးကျယ်ပြန့်လာမယ်ဆိုရင် ကျွန်တော်တို့နေ့စဉ်သုံးနေတဲ့ စက်ပစ္စည်းအသေးလေးတွေကို ဘက်ထရီလဲဖို့ စိတ်ပူစရာမလိုတော့တဲ့အထိ ပြောင်းလဲသွားနိုင်ပါတယ်။

**Ref: IE**

**ကိုထက်**

## Artemis-II အာကာသယာဉ်မှူးများ လကမ္ဘာပတ်ခရီးစဉ်အပြီး ကမ္ဘာမြေသို့ ဘေးကင်းစွာပြန်လည်ရောက်ရှိ



Artemis-II အာကာသခရီးစဉ်မှ အာကာသယာဉ်မှူးလေးဦးက မိုင်ပေါင်း ၆၉၀၀၀၀ ကျော်ရှိတဲ့ လကမ္ဘာပတ်ခရီးစဉ်ကို အောင်မြင်အောင်အဆုံးသတ်ပြီး ဧပြီလ ၁၁ ရက်မှာ ကမ္ဘာမြေပေါ်ကို ဘေးအန္တရာယ်ကင်းရှင်းစွာပြန်ရောက်လာကြပါပြီ။

သူတို့လိုက်ပါလာတဲ့ Orion အာကာသယာဉ်က ကြိုတင်သတ်မှတ်ထားတဲ့အတိုင်း ပစိဖိတ်သမုဒ္ဒရာရေပြင်ထဲကို စနစ်တကျ ဆင်းသက်နိုင်ခဲ့တာပါ။ ဒါဟာ ဆယ်စုနှစ်ငါးခုကျော်အတွင်းမှာ လူသားတွေအနေနဲ့ လကမ္ဘာအနီးကို ပထမဆုံးပြန်ရောက်ရှိနိုင်ခဲ့တဲ့ခရီးစဉ်လည်းဖြစ်ပါတယ်။

ခရီးစဉ်အတွင်းမှာ အမေရိကန်အာကာသအေဂျင်စီ NASA နဲ့ ကနေဒါအာကာသအေဂျင်စီမှ အာကာသယာဉ်မှူးတွေဟာ လူတွေမမြင်ရတဲ့ လရဲ့တစ်ဖက်ခြမ်းအထိ ပတ်ပြီးပျံသန်းခဲ့သလို အာကာသယာဉ်ရဲ့ စနစ်တွေကိုလည်း အသေးစိတ်စမ်းသပ်ခဲ့ကြပါတယ်။

အခုခရီးစဉ်အောင်မြင်သွားတဲ့အတွက် နောက်ထပ် လကမ္ဘာပေါ်တိုက်ရိုက်ဆင်းသက်မယ့် Artemis-III ခရီးစဉ်ဖော်ဆောင်ရေးအတွက်လည်း များစွာအားတက်စရာဖြစ်သွားရပါတယ်။ ကမ္ဘာမြေပြင်ပေါ် ပြန်ရောက်လာတဲ့ အာကာသယာဉ်မှူးတွေရဲ့ကျန်းမာရေးကလည်း ပုံမှန်အတိုင်း ကောင်းမွန်နေဆဲပါပဲ။

**Ref: IE**

**ကိုထက်**

## ကာဗွန်ထုတ်လွှတ်မှုကို ကောင်းစွာလျှော့ချနိုင်မယ့် မီးတောင်ကျောက်အသုံးပြု ဘိလပ်မြေ

စတန်းဖို့တက္ကသိုလ်မှ ဘူမိရူပပညာရှင်တစ်ဦးဖြစ်တဲ့ တီဇီယာနာဗာနိုရီယိုက ဘိလပ်မြေထုတ်လုပ်ရာမှာ အဓိကသုံးစွဲရတဲ့ထုံးကျောက်အစား မီးတောင်ကျောက်တွေကိုအသုံးပြုပြီး ကာဗွန်ထုတ်လွှတ်မှုကို ၆၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မယ့် ဘိလပ်မြေအမျိုးအစားသစ်ကို တီထွင်လိုက်ပါတယ်။ ဒါဟာ ကမ္ဘာ့လေထုကို ညစ်ညမ်းစေတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ကြီးကြီးမားမားပါဝင်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေအတွက် တကယ့်ကိုထူးခြားတဲ့ပြောင်းလဲမှုတစ်ခု ဖြစ်လာနိုင်ပါတယ်။

ပုံမှန်ဘိလပ်မြေထုတ်လုပ်တဲ့အခါ ထုံးကျောက်တွေကို အပူချိန်အလွန်မြင့်မားစွာ ပေးရတာကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်တွေ အမြောက်အမြားထွက်ရှိလာတတ်ပါတယ်။ အခုစမ်းသပ်ထုတ်လုပ်ထားတဲ့ မီးတောင်ကျောက်သုံး ဘိလပ်မြေကတော့ အပူပေးစရာ မလိုသလောက်နီးပါးဖြစ်တာကြောင့် စွမ်းအင်သုံးစွဲမှုကိုလည်း လျှော့ချပေးနိုင်မှာပါ။


ဒ့ါအပြင် ဒီဘိလပ်မြေက သာမန်ဘိလပ်မြေတွေထက် ပိုပြီးခိုင်ခံ့မှုရှိသလို ဓာတုပစ္စည်းတွေရဲ့တိုက်စားမှုကိုလည်း ပိုမိုခံနိုင်ရည်ရှိတယ်လို့ဆိုပါတယ်။ အခုလို သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်မယ့်နည်းပညာက ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍကနေပါဝင်နေတာဖြစ်တယ်လို့ ပညာရှင်များကပြောထားပါတယ်။

**Ref: IE**

**ကိုထက်**



## ရေအောက်မိုင်းရှင်းလင်းရေးလုပ်ငန်းကို ပိုမိုလွယ်ကူလာစေမယ့် ပြင်သစ်နိုင်ငံရဲ့ AI နည်းပညာသုံးစနစ်



ပြင်သစ်အခြေစိုက် Thales ကုမ္ပဏီက ရေအောက်မိုင်းတွေကို AI နည်းပညာအသုံးပြုပြီး အလိုအလျောက်ရှာဖွေဖော်ထုတ်နိုင်မယ့်စနစ်အသစ်တစ်ခုကို မိတ်ဆက်လိုက်ပါတယ်။ ဒီစနစ်အသစ်က ရေအောက်မိုင်းရှင်းလင်းရေးလုပ်ငန်းကို ပိုမိုလွယ်ကူလာစေမယ်လို့ဆိုပါတယ်။

Expeditionary PathMaster လို့ခေါ်တဲ့ ဒီစနစ်ဟာ ပင်လယ်ပြင်ရှိရေအောက်မိုင်းအန္တရာယ်တွေကို လူသားတွေတိုက်ရိုက်ထိတွေ့စရာမလိုဘဲ ဘေးကင်းကင်းနဲ့ မြန်မြန်ဆန်ဆန် ရှင်းလင်းပေးနိုင်မှာပါ။ ဒီစနစ်မှာ ထူးခြားတာက AI နည်းပညာကို အသုံးပြုထားတာဖြစ်ပါတယ်။ ဒါကြောင့် ရရှိလာတဲ့အချက်အလက်တွေကို သာမန်ထက် လေးဆပိုမြန်အောင်တွက်ချက်ပေးနိုင်ပြီး မိုင်းဟုတ် မဟုတ်ဆိုတာကို ခွဲခြားရာမှာလည်း ၉၉ ရာခိုင်နှုန်းအထိ တိကျပါတယ်။

သူ့ကိုသယ်ဆောင်ရတာ လွယ်ကူတာကြောင့် ဆိပ်ကမ်းတွေ ဒါမှမဟုတ် သာမန်လှေငယ်လေးတွေပေါ်ကနေပါ အလွယ်တကူထိန်းချုပ်နိုင်တဲ့အပြင် မိုင်းရှာတာကအစ ဖျက်ဆီးတဲ့အထိ အဆင့်တိုင်းကို အလိုအလျောက် လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

## ဆန်းသစ်တဲ့နည်းပညာကိုလက်တွေ့မြင်ရမယ့် တရုတ်နိုင်ငံရဲ့ ရေပေါ်ဒုံးလွှတ်စင်



တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်ပြင်မှာအသုံးပြုဖို့အတွက် ရေပေါ်ဒုံးလွှတ်စင်တစ်ခုကို စမ်းသပ်ဖို့ပြင်ဆင်နေပါတယ်။ ဒါဟာ တရုတ်နိုင်ငံရဲ့အာကာသစွမ်းရည်ကို ပင်လယ်ပြင်အထိ တိုးချဲ့လာတာဖြစ်ပြီး မဟာဗျူဟာအရလည်း အရေးပါသလို ဆန်းသစ်တဲ့ နည်းပညာတစ်ခုကိုပါ လက်တွေ့မြင်ရမယ့်လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။

အခုစမ်းသပ်မယ့် ဒုံးလွှတ်စင်ဟာ ရွှေ့လျားနိုင်တဲ့ ရေပေါ်ပလက်ဖောင်းအမျိုးအစားဖြစ်ပြီး Jielong-3 လို ဒုံးပျံတွေကို လွှတ်တင်ဖို့ရည်ရွယ်တာပါ။ ပင်လယ်ပြင်ကနေ ဒုံးပျံလွှတ်တင်တာဟာ လူနေထူထပ်တဲ့ဒေသတွေအပေါ် ဒုံးပျံအစိတ်အပိုင်းတွေ ပြုတ်ကျလာနိုင်တဲ့အန္တရာယ်ကိုလျှော့ချပေးနိုင်သလို အီကွေတာနဲ့ပိုနီးတဲ့နေရာမှနေပြီး လွှတ်တင်နိုင်တာကြောင့် လောင်စာဆီလည်း ပိုသက်သာစေပါတယ်။

တရုတ်နိုင်ငံဟာ အရင်ကရေပေါ် လွှတ်တင်မှုတွေကို အောင်မြင်အောင် လုပ်ဆောင်ခဲ့ဖူးပေမယ့် အခုလို တောင်တရုတ်ပင်လယ်ပြင်ဘက်တိုးချဲ့လာတာကတော့ သူတို့ရဲ့ရေကြောင်းအခြေပြု အာကာသလုပ်ငန်းတွေကို ပိုကျယ်ပြန့်လာအောင်လုပ်ဆောင်တာဖြစ်ပြီး လက်ရှိဒုံးပျံတွေကို ရေပေါ်မှာပြန်သိမ်းနိုင်မယ့်စနစ်တွေကိုလည်းဖော်ဆောင်နေပါတယ်။

**Ref: IE**

**ကိုထက်**

## ထရမ့်က ဟော်မုရေလက်ကြားကို ရှင်းလင်းနေပြီဟုဆို အမေရိကန်စစ်သင်္ဘောများ ရေလက်ကြားမှဖြတ်သန်း

**ဝါရှင်တန်၊ စစ်ရေး**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟော်မုရေလက်ကြားကို ရှင်းလင်းရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်းနှင့် အီရန်နိုင်ငံ၏ မိုင်းခင်းသင်္ဘော ၂၈ စင်းစလုံးကိုဖျက်ဆီးနိုင်ကြောင်း ဧပြီလ ၁၁ ရက်တွင်ထုတ်ဖော်ပြောသည်။

ဒေါ်နယ်ထရမ့်အနေဖြင့် ၎င်း၏ Truth Social လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ယခုကဲ့သို့ ကြေညာခြင်းဖြစ်ပြီး ထိုသို့ကြေညာပြီးနောက် အမေရိကန်စစ်သင်္ဘောများက ဟော်မုရေလက်ကြားကို ဖြတ်သန်းမောင်းနှင်ကြောင်း Axio သတင်းဌာနက ဖော်ပြထားသည်။

ယခုစစ်သင်္ဘောများ ဖြတ်သန်းမှုသည် အမေရိကန်နှင့်အီရန်တို့ကြားစစ်ပွဲစတင်ကတည်းက ပထမဆုံးအကြိမ်ဖြစ်ပြီး အီရန်ဘက်နှင့် ကြိုတင်ညှိနှိုင်းအကြောင်းကြားထားခြင်းမရှိကြောင်း Axio သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

သို့သော် အီရန်မီဒီယာများကမူ အမေရိကန်စစ်သင်္ဘောများအနေဖြင့် ဟော်မုရေလက်ကြားကိုဖြတ်သန်းသွားခြင်း မရှိသေးကြောင်းနှင့် အမေရိကန်ဖျက်သင်္ဘောတစ်စင်းသည် အီရန်နိုင်ငံ၏သတိပေးမှုကြောင့် လမ်းကြောင်းပြောင်းပြီး ပြန်လှည့်သွားသည်ဟုဖော်ပြထားသည်။ **Ref: Xinhua**

## အမေရိကန်နှင့် အီရန်တို့ကြားဆွေးနွေးပွဲများ ပါကစ္စတန်၌စတင် အသေးစိတ်ညှိနှိုင်းမှုများပြုလုပ်နေ




**အစ္စလာမ်မာဘတ်၊ ငြိမ်းချမ်းရေး**

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့ကြား ဆွေးနွေးပွဲများကို ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့၌ ဧပြီလ ၁၁ ရက်တွင် စတင်ပြုလုပ်ရာ လက်ရှိတွင်အသေးစိတ်ဆွေးနွေးမှုများသို့ ရောက်လာပြီဖြစ်သောကြောင့် ဆွေးနွေးပွဲသက်တမ်းကို တစ်ရက်ထပ်မံတိုးမြှင့်ဖွယ်ရှိကြောင်း သိရသည်။

ဆွေးနွေးပွဲများမစတင်မီ ပါကစ္စတန်ဝန်ကြီးချုပ်က အမေရိကန်ဒုတိယသမ္မတဂျေဒီဗန်နှင့် အီရန်ကိုယ်စားလှယ်အဖွဲ့တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်ဘက်က ထိန်းချုပ်ထားသော အီရန်၏ပိုင်ဆိုင်မှုများကိုပြန်ပေးရန်နှင့် လက်ဘနွန်နိုင်ငံ၌ ပစ်ခတ်မှုရပ်စဲရန် သဘောတူသည်ဟု အီရန်နိုင်ငံပိုင်ရုပ်သံဌာနက ထုတ်လွှင့်ခဲ့သော်လည်း အမေရိကန်တာဝန်ရှိသူတစ်ဦးကမူ ၎င်းတို့အနေဖြင့် ထိုကဲ့သို့သဘောတူထားခြင်းမရှိကြောင်းငြင်းဆိုထားသည်။

လက်ရှိတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် အရေးကြီးသည့် အချက်အလက်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးနေပြီး ဆွေးနွေးပွဲရလဒ်နှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် အရိပ်အယောင်များ ရှိနေကြောင်းသိရသည်။ ယခုဆွေးနွေးပွဲတွင် အဓိကအားဖြင့် နျူကလီးယားဆိုင်ရာကိစ္စရပ်များနှင့် ပိတ်ဆို့အရေးယူမှုများကို မည်သို့လက်တွေ့အကောင်အထည်ဖော်မည်နှင့်ပတ်သက်၍ ဆွေးနွေးနေခြင်းဖြစ်သည်။ အိမ်ဖြူတော်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကလည်း ယခုဆွေးနွေးပွဲမှတစ်ဆင့် နှစ်ဦးနှစ်ဖက်သဘောတူညီချက်များရရှိရန် မျှော်လင့်ထားသည်။

**Ref: Xinhua**

## ရုရှားနှင့် ယူကရိန်းကြား အီစတာပွဲတော်ကာလ အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်

**မော်စကို၊ စစ်ရေး**

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြား အီစတာပွဲတော်ကာလ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဧပြီလ ၁၁ ရက်တွင် စတင်အသက်ဝင်လာပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ အပစ်အခတ်ရပ်စဲရေးကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအပစ်အခတ်ရပ်စဲရေးသည် ဧပြီလ ၁၁ ရက် ညနေ ၄ နာရီမှ ဧပြီလ ၁၂ ရက်ကုန်အထိ စုစုပေါင်း ၃၂ နာရီ ကြာမြင့်မည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးအပေါ် နှစ်ဖက်စလုံးက သံသယရှိနေသော်လည်း ဧပြီလ ၁၁ ရက်မှာပင် နှစ်ဖက်စစ်သုံ့ပန်း ၁၇၅ ဦးစီကို အပြန်အလှန်လဲလှယ်နိုင်ခဲ့သည်။

အဆိုပါလဲလှယ်မှုတွင် အာရပ်စော်ဘွားများပြည်ထောင်စုက ကြားဝင်စေ့စပ်ပေးခြင်းဖြစ်ပြီး စစ်သုံ့ပန်းလဲလှယ်ရေးသည် စစ်ဖြစ်ပွားနေသည့် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုအဖြစ် ကျန်ရှိနေသည့် နယ်ပယ်တစ်ခုအဖြစ် ရှိနေကြောင်း လေ့လာသူများကပြောသည်။

**Ref: Xinhua**

## ပါကစ္စတန်က ကာကွယ်ရေးစာချုပ်အရ ဆော်ဒီအာရေဗျသို့ တိုက်လေယာဉ်များစေလွှတ်


**အစ္စလာမ်မာဘတ်၊ စစ်ရေး**

ပါကစ္စတန်နိုင်ငံသည် နှစ်နိုင်ငံကာကွယ်ရေးစာချုပ်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ ၎င်းတို့၏တိုက်လေယာဉ်များကို စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ တိုက်လေယာဉ်များ ဖြန့်ကြက်ချထားခြင်းသည် နှစ်နိုင်ငံကြားရေရှည်တည်ရှိခဲ့သော စစ်ရေးပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးကိုအားဖြည့်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယခုလှုပ်ရှားမှုသည် အမေရိကန်နှင့် အီရန်ကိုယ်စားလှယ်များ ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်နေချိန်နှင့် တိုက်ဆိုင်နေသလို ဟော်မုရေလက်ကြားတွင်လည်း စစ်ရေးတင်းမာမှုများ ရှိနေသည့်အချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။

**Ref: ST**

## မရေရာသည့်စက်သုံးဆီအခြေအနေများကြောင့် မလေးရှားနိုင်ငံသားများ EV ကိုပိုမိုအသုံးပြုနိုင်ဖွယ်ရှိ



**ကွာလာလမ်ပူ၊ ပြည်တွင်းရေး**

အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ မသေချာမရေရာမှုများမြင့်တက်လာနေစဉ် မလေးရှားနိုင်ငံသားများအနေဖြင့် လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) များကိုပြောင်းလဲအသုံးပြုလာနိုင်ဖွယ်ရှိကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် မလေးရှားပြည်သူများအနေဖြင့် ကိုယ်ပိုင်ယာဉ်များထက် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်များကို ပိုမို၍အသုံးပြုလာနိုင်သည့်အလားအလာများရှိနေကြောင်း၊ ယင်းကဲ့သို့ပြောင်းလဲမှုများသည် ပိုမိုသက်သောင့်သက်သာဖြစ်ပြီး ပိုမိုယုံကြည်စိတ်ချရသော အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ်တစ်ခုလိုအပ်လာနေပြီဆိုသည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနလစဉ်တွေ့ဆုံမှုအခမ်းအနား၌ ဝန်ကြီး အန်သိုနီလိုကီကရှင်းလင်းပြောခြင်းဖြစ်သည်။

အလားတူ အနောက်အာရှဒေသတွင် ဖြစ်ပေါ်နေသည့် မသေချာသောပထဝီနိုင်ငံရေးအခြေအနေများက သယ်ယူပို့ဆောင်ရေးကဏ္ဍအပေါ် တိုက်ရိုက်သက်ရောက်မှုရှိလာပြီဆိုသည့်အချက်ကို ငြင်းပယ်၍မရနိုင်တော့ကြောင်းနှင့် အစိုးရဘက်ကလည်း စက်သုံးဆီစဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်ရေးနှင့် စီးပွားရေးတည်ငြိမ်ရေးကိုလုပ်ဆောင်နေကြောင်း ဝန်ကြီးကပြောသည်။

**Ref: Xinhua**

## အပူချိန်မြင့်တက်လာမှုများကြောင့် ပြင်းထန်သည့် အယ်နီညိုဖြစ်စဉ်အတွက်စိုးရိမ်ရ


**လော့အိန်ဂျလိ၊ ရာသီဥတု**

အီကွေတာတစ်လျှောက်ရှိ ပစိဖိတ်သမုဒ္ဒရာ၌ အပူချိန်မြင့်တက်လာမှုများကြောင့် ယခုနှစ်နှောင်းပိုင်းတွင် ပုံမှန်ထက်ပိုမိုပြင်းထန်သည့် အယ်နီညိုဖြစ်စဉ်ဖြစ်နိုင်သည်ကိုစိုးရိမ်ရကြောင်း အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲမှုဌာန (NOAA) နှင့် ဥရောပမိုးလေဝသဌာနတို့ကသတိပေးထားသည်။

ထိုရာသီဥတုဖြစ်စဉ်ကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ မိုးသည်းထန်ခြင်းနှင့် မုန်တိုင်းဒဏ်များကို ခံစားရနိုင်သလို အာရှတိုက်အရှေ့တောင်ပိုင်းအထိပါ ရာသီဥတုဆိုင်ရာ ဂယက်ရိုက်မှုများရှိလာနိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အယ်နီညိုပြင်းထန်ပါက ကယ်လီဖိုးနီးယား၌ ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ကမ်းခြေတိုက်စားခြင်းများဖြစ်ပေါ်နိုင်သလို တစ်ကမ္ဘာလုံးအပူချိန်အလွန်မြင့်တက်လာခြင်းနှင့် သန္တာကျောက်တန်းများပျက်စီးခြင်းတို့လည်းဖြစ်နိုင်ကြောင်း ပညာရှင်များကဆိုသည်။ ထို့ပြင် ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ အလွန်ပြင်းထန်သည့်အယ်နီညိုဖြစ်စဉ်များ ပိုမိုအဖြစ်များလာနိုင်ပြီး လူထုကျန်းမာရေးနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကဏ္ဍများတွင်ပါ အကျပ်အတည်းဖြစ်လာနိုင်ကြောင်း ပညာရှင်များက သတိပေးထားသည်။

**Ref: Xinhua**



# " ဂုဏ်ယူဝမ်းမြောက်ခြင်း "

ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခံရသည့်

## နိုင်ငံတော်သမ္မတကြီး

## "သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ ဦးမင်းအောင်လှိုင်"

## နှင့် အစိုးရအဖွဲ့အတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပြီး နိုင်ငံတော်၏ အနာဂတ်အတွက်

အပြည့်အဝ ယုံကြည်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိ ဖြစ်ရပါသည်။

သမ္မတကြီးနှင့် အစိုးရအဖွဲ့မှ နိုင်ငံတော်နှင့်ပြည်သူများကို ဦးဆောင်ပြီး

ပိုမိုကောင်းမွန်သော ခေတ်သစ် မြန်မာနိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါစေကြောင်းနှင့်

သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်များ

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် **(MTF)**

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်သစ်ကူး အခါသမယမှစ၍

မြန်မာတစ်နိုင်ငံလုံးမှ မိဘပြည်သူများ၊ မြဝတီဘဏ်နှင့်

ဆက်သွယ်ဆောင်ရွက်သော မိတ်ဟောင်း မိတ်သစ်များအားလုံး

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ...

နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့နှင့် ဘဏ်ဝန်ထမ်းများ
မြဝတီဘဏ်လီမိတက်



# ၂၀၂၆ ခုနှစ် ဧပြီလ ဒုတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၇ ဒီဂရီဖာရင်ဟိုက်မှ ၁၀၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၁ ရာခိုင်နှုန်းမှ ၆၁ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃၆ မီလီမီတာမှ ၄၆ မီလီမီတာအတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၇ မီလီမီတာမှ ၅၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၅၇ မီလီမီတာမှ ၆၆ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၆၇ မီလီမီတာမှ ၇၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေအသီးသီး ရှိနိုင်သည်။ (မိုး/ဇလ)

# ၂၀၂၆ ခုနှစ် ဧပြီလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၁ ပေခန့်နှင့် မဒေါက်မြို့တွင် ၃ လက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၃ လက်မခန့်နှင့် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)

# မီးဘေးအန္တရာယ်ကင်းရှင်းရေးကွင်းဆင်းစစ်ဆေး

မန္တလေး ဧပြီ ၁၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ပွင့်လင်းခြောက်သွေ့သော ရာသီအချိန်သို့ ရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်သည်။

အဆိုပါစစ်ဆေးခြင်းကို မန္တလေးတိုင်းဒေသကြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်နှစ်ဦး၊ အရန်တပ်ဖွဲ့ဝင်၁၀ဦးတို့ဖြင့် အိမ်ခြေ ၁၁၃၊ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၄၅၀ တို့အား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းများဆောင်ရွက်သည်။ ထို့နောက် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးဌာန အရေးပေါ်ဖုန်းနံပါတ်များ လိုက်လံကပ်ခြင်းနှင့် 191 Report Application အား ပြည်သူများ၏လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးပြီး အသုံးပြုပုံတို့ကို ရှင်းလင်းပြောပြခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၂)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပန်းခင်း(၂)၊ အိမ်အမှတ်(၇/၂၅၆)နေ အမိ ဒေါ်ငယ်ငယ်ထွေး ၉/ပမန(နိုင်)၁၁၅၅၁၃ ၏သား မောင်မင်းခန့်ကျော် ၉/ပမန(နိုင်)၁၁၅၅၇၈ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘအားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်မင်းခန့်ကျော်နှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်ဒေါ်ငယ်ငယ်ထွေး

**ပျောက်ဆုံးကြောင်း**

မျိုးမင်းကို(ဘ)ဦးစိုးဝင်း ၁၄/ကလန(နိုင်)၁၈၄၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၅၄၆၁၀၈၅

**အစုရှယ်ယာ မတည်ရင်းနှီးမြှုပ်နှံငွေလျှော့ချခြင်း**

HIGH-FIVE COMPANY LIMITED ၏ ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount (1,170,000,000)ကျပ်မှ (352,000,000)ကျပ်သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

MAMED (AKA)AUNGH NAING

MANAGING DIRECTOR

HIGH-FIVE COMPANY LIMITED

**ပျောက်ဆုံးကြောင်း**

အိန္ဒြာဖြူ(ဘ)ကောင်ပြေဝါ(ခ)ဦးသန်းဌေး ၁၂/လသန(နိုင်)၀၂၁၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 481846)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

နန်းမိုးသဇင်(ဘ)ဦးစောပေါင်းလူ ၃/ဘအန(နိုင်)၂၈၅၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 901993)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

ချမ်းမြေ့ဟိန်း(ဘ)ဦးမျိုးထက် ၁၀/သဖရ(နိုင်)၁၂၈၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 629982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၄၀၈၀၆၃၀

**ပျောက်ဆုံးကြောင်း**

သိန်းထိုက်အောင်(ဘ)ဦးညီမောင် ၉/မလန(နိုင်)၁၂၄၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ၊ အထကကျောင်းမှ Grade-9 ၌ ပညာသင်ယူနေသော ကျောင်းဝင်အမှတ် ၀၄၀/၂၄ အဘဦးလှထွေး၏သမီးဖြစ်သူ မMမေမိုးအား မမေမိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ မမေမိုး

**ပျောက်ဆုံးကြောင်း**

သန်းဇော်အောင်(ဘ)ဦးထွန်းပို ၆/မအရ(နိုင်)၀၉၀၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 444137)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၃၁၃၂၂၁၈၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ် – (1) 1T/PROCUREMENT/REINFORCED STEEL BAR/ASTM A615–Grade 60/2026–2027(Lot–1)
(2) 1T/PROCUREMENT/REINFORCED STEEL BAR/ASTM A706–Grade 60/2026–2027(Lot–2)
(3) 1T/PROCUREMENT/P.C Wire/2026–2027(Lot–3)
(4) 1T/PROCUREMENT/P.C Accessories/2026–2027(Lot–4)
(5) 1T/PROCUREMENT/ELASTOMERIC BEARING/2026–2027(Lot–5)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၆–၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့် တံတားများတွင်အသုံးပြုရန်အတွက် ASTM A615–Grade 60 သံချောင်းလုံးအရွယ်စုံများ၊ ASTM A706–Grade 60 သံချောင်းလုံးအရွယ်စုံများ၊ P.C Wire၊ P.C Accessories နှင့် Elastomeric Bearing(PC Type, RC Type) တို့အား ရန်ကုန်မြို့ရှိ တံတားဦးစီးဌာန၊ တံတားလေးသိုလှောင်ဝင်းနှင့် ပျဉ်းမပင်စတို(နွယ်ခွေ)သိုလှောင်ဝင်း အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၂၀–၄–၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် – (၂၈–၄–၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ – ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ၊ နေပြည်တော်နှင့်သဇင်ရိပ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ တံတားလေးဝင်း၊ တံတားဦးစီးဌာန၊ ရန်ကုန်။

၅။ (က) သံချောင်းလုံးနမူနာအား Laboratory သို့ နောက်ဆုံးပေးပို့ရမည့်ရက် – (၂၉–၄–၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။
(ခ) သံချောင်းလုံးနမူနာများ၏ Laboratory Test Result များနှင့် Tender Document များ နောက်ဆုံးပေးပို့ရမည့်ရက် – (၄–၅–၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၆။ P.C Wire နှင့် P.C Accessories ၏နမူနာ၊ Mill Certificate နှင့် Tender Document များ နောက်ဆုံးပေးပို့ရမည့်ရက် – (၄–၅–၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၇။ Elastomeric Bearing(PC Type, RC Type)၏ Mill Certificate နှင့် Tender Document များ နောက်ဆုံးပေးပို့ရမည့်ရက် – (၄–၅–၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၈။ တင်ဒါဖွင့်မည့်ရက် – (တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်အား အကြောင်းကြားပါမည်။)

၉။ အသေးစိတ်အချက်အလက်များသိရှိပါက ဖုန်းနံပါတ် ၀၉–၂၄၅၀၀၉၂၊ ၀၉–၉၅၅၁၀၈၅၀၀၊ ၀၉–၄၃၀၈၈၁၅၅ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၁၀။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊**
**ရုံးအမှတ်(၁၁)၊ နေပြည်တော်**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆–၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ Myanmar CDC၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်ရုံးဌာန(၂)နေရာနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိရုံးဌာန/သိုလှောင်ရုံ(၃)နေရာ စုစုပေါင်းရုံးဌာန/သိုလှောင်ရုံ(၅)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် – Tender.1.Security(2026–2027)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၁၀–၄–၂၀၂၆ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် – ၂၈–၄–၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၃၁၀၈၅/၀၆၇–၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁/၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများ၊ တပ်မတော်ပညာရေးကျောင်းများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ၄ ခွဲတို့အတွက် လိုအပ်သောဆက်တင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဖျော်ဖြေရေးဆိုင်ရာပစ္စည်းများ၊ ဝတ်စုံပိုင်းဆိုင်ရာပစ္စည်းများ၊ ဇာတ်စင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွံနှင့်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ သင်ထောက်ကူဆိုင်ရာပစ္စည်းများ၊ တူရိယာပစ္စည်းများအတွက် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၂၀–၄–၂၀၂၆ ရက် နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၃၂–၃၀၂၆၉၊ ၀၃၁–၇၄၀၂၀၊ ၀၃၁–၇၄၀၀၆၊ ၀၃၁–၇၄၂၇၄၊ ၀၃၃–၇၂၇၈၁၊ ၀၃၆–၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆–၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ သွားနှင့်ခံတွင်းဆေးရုံဝင်းအတွင်းရှိ ဆေးသိုလှောင်ရုံနှင့် ကွန်တိန်နာ(၂၅)လုံးတို့တွင် Pest Control ဝန်ဆောင်မှုလုပ်ငန်းငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် – Tender.2.Pest Control(2026–2027)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၁၀–၄–၂၀၂၆ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် – ၂၈–၄–၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၃၁၀၈၅/၀၆၇–၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အလိမ္မာစာမှာရှိ

**ပျောက်ဆုံးကြောင်း**
နန်းထွေးလောဝ်(ဘ)စိုင်းတု ၁၄/ဆဆန(နိုင်)၁၀၆၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**
နန်းသင်းသင်းဖြူ(ဘ)ဦးရွှေသန်း ၃/ဘအန(နိုင်)၃၀၉၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 264998)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စောအောင်ဆန်းဝင်း(ဘ)ဦးဝင်းနိုင် ၃/မဝတ(နိုင်)၀၂၈၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 201001)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**အမည်မှန်**
ရေစကြိုမြို့နယ်၊ ရှစ်အိမ်တန်းကျေးရွာနေ အဘ ဦးဘိုနိုင်၏သမီးများဖြစ်သော မသိမ့်သိမ့်ငွေး၏ အမည်မှန်မှာ ၈/ရစက(နိုင်)၂၅၆၇၉၈ အရ မသိမ့်သိမ့်ဖြိုးနှင့် မသိမ့်သိမ့်ဖြိုး၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ခ–6660 အရ မသိမ့်သိမ့်တိုးဖြစ်ပါကြောင်း။
မသိမ့်သိမ့်ဖြိုး၊ မသိမ့်သိမ့်တိုး

**ပျောက်ဆုံးကြောင်း**
မိုးပြည့်ဇင်ကျော်(ဘ)မိုးကျော် ၁၂/သလန(နိုင်)၁၉၃၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၆၆၉၂၅၈၄၇

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ်၊ 4J/6496 အမျိုးအမည်၊ MAZDA BONGO အမျိုးအစား၊ PICK UP(4x2)(R) မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းအောင်ရွှေ မှတ်ပုံတင်အမှတ် ၃/ဘအန(နိုင်)၂၂၆၁၆၉ မှ မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
က.ည.န၊ ပြည်နယ်ရုံး(ဘားအံ)


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၉၃၅၈၁၃၊ ၀၉ ၇၉၆၁၁၁၅၅၅၉၊ email : scfg.kyaukse@gmail.com


ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ နှင့် MOUNT PLEASANT COFFEE
PYIN OO LWIN Nan Myaing 2+1 coffee
Black Coffee PYIN OO LWIN NAN MYAING
Mount Pleasant Coffee 2 plus 1
Drip Coffee
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။
Myanmar MOBILE MONEY anywhere anytime anyone
● ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
● ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
● လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
● E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
● ဈေးဝယ်ခြင်း
● Internet Bill ပေးဆောင်ခြင်း၊
● Skynet Bill Payment ပေးသွင်းခြင်း၊
● Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
● မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
● E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
● အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)ပိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့်နေ့အပူချိန်များ

၁၁-၄-၂၀၂၆

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ရွှေကျင် | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | ပဲခူး | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | ငသိုင်းချောင်း | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သိမ်ဇရပ် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | ဇလွန် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | သာယာဝတီ | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ဇော်င်းတူ | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | ဟသ်ာတ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေး တာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းကလေးဒေသ တစ်ဝိုက်

စာမျက်နှာ ၁၅ ကော်လံ ၁ ▲

## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာ ခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီလ ၁၈ ရက်(စနေနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

# ငဖဲမြို့နယ်၌ နှမ်း ၁၄၄၇ ဧက စိုက်ပျိုးပြီးစီး

ငဖဲ ဧပြီ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ မန်းချောင်းရေလှောင်တမံဆည်၊ ရင်းရှည်ရေလှောင်တမံဆည်နှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် နှမ်း ၁၁၉၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ လက်ရှိအချိန်ထိ ၁၄၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး နှမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ယခုနှစ် နှမ်းသီးနှံများစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက်

စာမျက်နှာ ၉ ကော်လံ ၂ ○



# ကျွန်းလှမြို့နယ်၌ နေကြာစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ကျွန်းလှ ဧပြီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပစားသုံးဆီတင်သွင်းမှု လျှော့ချစေရန်အတွက် သီးထပ်အဖြစ်စိုက်ပျိုးသော နေကြာစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ်ရေဆင်း-၁နေကြာမျိုး၃ဧကစိုက်ပျိုးပါတယ်။ စိုက်ပျိုးရာမှာ မြို့နယ်စိုက်ပျိုးရေးပညာရှင်များက မြေယာပြုပြင်ခြင်းနဲ့

စာမျက်နှာ ၉ ကော်လံ ၂ ⊃



## စနေနေ့ဘောလုံးပွဲရလဒ်များ

| အင်္ဂလန်ပရီးမီးယားလိဂ် | | | စပိန်လာလီဂါ | | |
|---|---|---|---|---|---|
| ဝက်စ်ဟမ်း | ၄ - ၀ | ဝုလ်ဗ် | ရီးရဲလ် | ၁ - ၁ | ဂီရိုနာ |
| အာဆင်နယ် | ၁ - ၂ | ဘုန်းမောက် | ဆိုစီဒက် | ၃ - ၃ | အလာဗက် |
| ဘရန့်ဖို့ | ၂ - ၂ | အဲဗာတန် | အယ်ချီ | ၁ - ၀ | ဗလင်စီယာ |
| ဘန်လေ | ၀ - ၂ | ဘရိုက်တန် | | | |